မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၁)

ပဏ္ဍိတာနဥ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် နမ့်ခချောင်းကူး ဝမ်တာခက်ဘေလီတံတားကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မိုင်းပျဉ်း-မက်မန်းကားလမ်းနှင့် တံတားများ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဧပြီ ၈ ရက် နံနက် ၇နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မိုင်းပျဉ်းမြို့မှထွက်ခွာ၍ မိုင်းပျဉ်း-မက်မန်းကားလမ်းနှင့် တံတားများ အခြေအနေများ ကြည့်ရှုစစ်ဆေးကာ မိုင်တိုင် (၂၄/၄) ရှိ အရှည်ပေ ၄၄၀ နမ့်ခချောင်းကူး ဝမ်တာခက်ဘေလီတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် နမ့်ခချောင်းတစ်ဖက်ကမ်းရှိ တာကော်လေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝမ်တာခက်၊ တာကော်လေး၊ ဝမ်စလောင်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကားပြောကြားကာ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာဆေးပေးခန်းနှင့် စာသင်ကျောင်းအမိုးများ ပြုပြင်ရန်အတွက် သွပ် ၁၀၄ ချပ် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးသည် ကျေးရွာနေပြည်သူများအတွက် စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် မော်ဖဒေသ မက်မန်းမြို့နယ် ဆွတ်ပိုးကျေးရွာ ပြည်သူ့ဆေးရုံခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆွတ်ပိုးကျေးရွာအုပ်စု၊ နမ့်ထော်ကျေးရွာအုပ်စု၊ မင်းရန်အောင်ကျေးရွာအုပ်စု၊

စာမျက်နှာ ၃ ကော်လံ ၁ ●

ပူမြင့်ပူလျက်

၂၂-၄-၂၀၀၈

မုံရွာ	၁၀၉	ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၉	ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၉	ဒီဂရီဖာရင်ဟိုက်
အောင်လံ	၁၀၉	ဒီဂရီဖာရင်ဟိုက်
နေပြည်တော်	၁၀၈	ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၈	ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၈	ဒီဂရီဖာရင်ဟိုက်
ပခုက္ကူ	၁၀၈	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၁	ဒီဂရီဖာရင်ဟိုက်

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၃ ရက်)

တည်ဆောက်မှုလုပ်ငန်းများ တိုးတက်မြန်ဆန်ရေး နည်းလမ်းကောင်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

မြန်မာနိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။ နယ်စပ်ဒေသ အစွန်အဖျား တစ်နံတစ်လျားမကျန် နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးနေသည်။

တစ်ချိန်တည်းတွင် မြို့သစ်များတည်ဆောက်ပြီး စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ လျှပ်စစ်နှင့်စွမ်းအင် ခေတ်မီဆက်သွယ်ရေးနည်းပညာ စသည့်ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေသည်။

ယခုအခါ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကို အခြေခံသည့် တောင်ပေါ်ရတနာပုံမြို့သစ် စီမံကိန်းကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ ဧကတစ်သောင်း ကျယ်ဝန်းသည့် မြေနေရာတွင် စတင်တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ရတနာပုံမြို့သစ် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းများကောင်းမွန်ရေး၊ ရေအရင်းအမြစ်များ ရှာဖွေထုတ်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် နည်းပညာရပ်များအပေါ် အခြေခံပြီး လိုအပ်ချက်များကို စီမံပေးလျက်ရှိသည်။

ရတနာပုံမြို့သစ် စီမံကိန်းနေရာသည် တောင်ပေါ်စခန်းနေရာမျိုးတွင် တည်ဆောက်ပေးထားရာ ရာသီဥတုကောင်းမွန်ပြီး ကူးသန်းဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့ အဆင်ပြေလျက်ရှိသည်။

အဆိုပါ စီမံကိန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများအပြင် အခြားပုဂ္ဂလိက အိမ်ရာများကိုလည်း မြေနေရာများ စီစဉ်ချထားပေးမည် ဖြစ်သည်။

ရတနာပုံမြို့သစ်ကို ခေတ်မီအိုင်စီတီမြို့တော်အဖြစ် ပုံပေါ်လာရေး နိုင်ငံတော်နှင့်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ လက်တွဲညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း တိုးပွားစည်ပင်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ မြို့သစ်စီမံကိန်းလုပ်ငန်းများဖော်ဆောင်ရာတွင် ရရှိထားသည့် အတွေ့အကြုံနှင့် နည်းစနစ်များအပေါ် အခြေခံကာ ဒေသနှင့်ကိုက်ညီသောနည်းလမ်းများကို ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မြန်ဆန်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရဲရန်အောင်လမ်းသွယ်(၄) အမှတ် ၆၇၂နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ (ဦးခင်မောင်)-ဒေါ်အုန်းကြင် သားသမီး၊ မြေးတစ်စုက ငွေကျပ်တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသကြံန်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	မြန်မာသကြံန်
၅:၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မြန်မာသကြံန်
၆:၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၁)
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူ့ရှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင် မြွေမင်းသမီးလေး** (အပိုင်း-၄)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးအောင်ထူး-ဒေါ်ထွေးတင်မိသားစု သမိန်ဗရမ်းလမ်း အင်္ဂုံမြို့သစ်(မြောက်ပိုင်း)က ငွေကျပ်တစ်သိန်း၊ ဦးတင်ဝင်း- ဒေါ်ဟန်တင်ရီမိသားစု လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်ကြည်ကြည်ညွန့်မိသားစု ရွှေတောင်ကြားရိပ်သာ ဗဟန်းက ငွေကျပ်တစ်သိန်း၊ မောင်သိန်းထိုက်ဦး မွေးနေ့အလှူ သာကေတရပ်ကွက် မြိတ်မြို့က ငွေကျပ်တစ်သိန်း၊ ဒေါ်ငွေငွေ (၅)ရပ်ကွက် သာကေတက ငွေကျပ်တစ်သိန်း ၊ ဦးဇော်ဝင်း-ဒေါ်ချိုချိုလင်းမိသားစု မော်လမြိုင်မြို့က ငွေကျပ်တစ်သိန်း၊ ဦးကျော်တင့်-ဒေါ်ဖြူဖြူဝင်း သားသမီး၊ မြေးတစ်စု တောင်ကြီးမြို့ကငွေကျပ်တစ်သိန်း၊ မောင်မြင့်မော်သိန်း-မသင်းသင်းအိ မင်္ဂလာဦးအလှူ တောင်ဥက္ကလာပက ငွေကျပ်နှစ်သိန်း၊ ဦးခင်မောင်ဝင်း-ဒေါ်စုစုဝင်းမိသားစု စမ်းချောင်းက ငွေကျပ်တစ်သိန်း၊ ဦးဝင်းမြင့်-ဒေါက်တာယဉ်ယဉ်ကြည်မိသားစု ကန်တော်လေးက ငွေကျပ်နှစ်သိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ် ဝိပဿနာ တရား သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူမွှာရုံကြီးတွင် (၂၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရား သင်တန်း၌ ဓမ္မကထိက ဆရာကြီးဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက် နာယူနိုင်ကြောင်း သိရသည်။

ထို့အပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သည့် လက်တွေ့ဝိပဿနာ အထိုင်စခန်းကို နံနက် ၉နာရီ မှ ညနေ၄နာရီအတွင်း မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၄စံပြရပ်ကွက် ဦးဝိစာရ လမ်းနေ ဦးသက်လွင် (အင်ဂျင်နီယာ-ငြိမ်း) (မြန်မာ့သစ်လုပ်ငန်း) နှင့် ဒေါ်စန်းရီ (အထက်တန်း ကျောင်းအုပ် ဆရာမကြီး-ငြိမ်း) တို့၏(၄၅)နှစ်မြောက် မင်္ဂလာနေ့နှင့် ဒေါ်စန်းရီ၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ မင်္ဂလာ အထိမ်းအမှတ် သားသမီး၊ မြေးတစ်စုတို့က ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရကျွေးမွေးရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်လေးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ နာယကဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	အသေပြင်ဆင်ကြပါ တရားတော်[ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)]
၈:၀၀-၂:၀၀	INDUSTRIAL TALK [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၃၅-၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀-၃:၀၀	စိတ်အားထက်သန်ဆန္ဒအမှန်
၉:၂၀-၃:၂၀	ပြည်တွင်းသတင်း အကျဉ်း
၉:၃၀-၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅-၃:၃၅	Yangon Panorama
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	မုချမသွေ သေစေနိုင်သော ခွေးရူးပြန်ရောဂါ သတိပြု၍ ကာကွယ်ပါ (ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး) (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာသန်းစောစိုး)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	Midweek Sports News
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	Activities In The City
၁၁:၁၀-၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ကြွေကာအုပ်ဆန္ဒင်းမကင်း)
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	ခက်အောင်လုပ်နေသူများ
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	International Video Topics (ရေလွှဲလမ်း ဥမင် တည်ဆောက်ခြင်း)
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	ရွှေထီးတော်တင် အလှူ မင်္ဂလာမှသည် အပါယ်ခံ ရွာကလေးရဲ့အနာဂတ် လမ်းဆီသို့
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Barcelona-Man Utd	ESPN (Live)

စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ် (၄၀) သင်တန်းဆင်းအရာရှိများက သင်တန်းဆင်း (၉)နှစ်မြောက်အထိမ်းအမှတ်အဖြစ် နေပြည်တော်ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၌ ရွှေသင်္ကန်းကိုးချပ် ကပ်လှူခဲ့ပြီး နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္တိ စမတောင်မဟာပရဟိတ မိဘမဲ့ကျောင်းအတွက် အလှူငွေကျပ် ၁၂၀၀၀၀ ကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဦးဉာဏိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျှုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သော အကြီးအမျှုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

ဓမ္မပဒ (၃၀)

● ရှေ့ဖုံးမှ

ဝိန်းနောင် ကျေးရွာအုပ်စု အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီးနောက် ဆွတ်ပိုးကျေးရွာ ရေရရှိရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀သိန်း၊ နမ့်ထော်ကျေးရွာနှင့် ပန်ပိုးကျေးရွာ၌ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းစီနှင့် ကျေးရွာများအတွက် စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးဝါးများပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးသည် ဆွတ်ပိုးကျေးရွာနှင့် မက်မန်းမြို့အကြား မိုင်တိုင်အမှတ် (၇၅)သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကားလမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကာမက်မန်းမြို့ မြို့နယ်ခန်းမဆောင်၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဝမ်ဟောင်ကျေးရွာ၊ အေးချမ်းကျေးရွာ၊ မွန်နီးကျေးရွာ၊ ပန်ခါးကျေးရွာ၊ တွယ်နောက်ကျေးရွာ၊ အွန်ကလောင်ကျေးရွာနှင့် ငှက်ယောင်းကျေးရွာတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများအား တွေ့ဆုံသည်။

ထောက်ပံ့

ထို့နောက် ပန်ခါးကျေးရွာနှင့် အွန်ကလောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အမိုးပြုပြင်ရန်အတွက် အမိုးသွပ်များအား ပေးအပ်ထောက်ပံ့ပြီး မက်မန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ဆန်အိတ် ၅၀ နှင့် အိုင်အိုဒင်းဆားများ၊ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများ၊ ဒေသခံ တိုင်းရင်းသားများအတွက် အစေ့ထုတ်ပြောင်းဧက ၅၀ စိုက်ပျိုးရန် အစေ့ထုတ်ပြောင်း မျိုးစေ့များ ပေးအပ်ထောက်ပံ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၅	၄။ နှောင်းခေတ်တေးပဒေသာ
၈:၀၀	၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၆။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀	၇။ International News.
၉:၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၅	၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀	၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀	၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၂၀	၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀	၇။ ညနေခင်းသတင်း
၆:၃၀	၈။ မိုးလေဝသအခြေအနေ
၆:၃၅	၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၇:၀၀	၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၃၀	၁၁။ စိတ်အားထက်သန် ဆန္ဒအမှန်
၈:၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ ခက်အောင်လုပ်နေသူများ
	၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **စတုတ္ထမြောက်ရင်ခုန်သံ** လူမင်း၊ မျိုးစန္ဒီကျော်၊ ဆုရွှန်းလဲ့၊ မေထွဋ်ခေါင် (ဒါရိုက်တာ-မျိုးထူး)
	၁၇။ အစီအစဉ်ပြီး၏။

သံအမတ်ကြီးဦးသောင်းထွန်းအား နယ်သာလန်သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းအား နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ရေစကြိုဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် ဧပြီ ၂၂

တိပိဋက မဟာဂန္ဓဝင်ကျောင်းတိုက် (ဒဂုံအရှေ့ပိုင်း) တိပိဋကရွှေဥက္ကံစာသင်တိုက်(လှိုင်သာယာ) တိပိဋကသန္တဝါသစာသင်တိုက် (မန္တလေး)တို့၏ ပဓာနနာယက တိပိဋက ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသသည် ပဋ္ဌာသမကာများဖြစ်ကြသော အရှင်သြဘာသာဘိဝံသ၊ အရှင်ဝိစိတ္တနှင့်ကပ္ပိယကာရက ကမ္ဘာအေးစေတီတော် ဂေါပက ဆရာကြီးဦးစောကြိုင်တို့ လိုက်ပါလျက် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဖားကန့်၊ လုံးခင်း၊ ဆိပ်မူ၊ ဝှေခါ၊ မော်သစ်ကုန်း၊ ဂျန်ကာ၊ ဟောင်ပါ၊ တာမခံ၊ မမုန်စသောမြို့၊ ကျေးရွာများသို့ ဧပြီ ၂၃ရက်မှ မေ ၁ ရက်အထိ ဓမ္မဒူတခရီး ကြွရောက်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်မြောက်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း ဒေသခံပြည်သူ ၂၄၀၀၀၀ ကျော် ရေဘေးကြုံတွေ့

ဟီဖိုင် ဧပြီ ၂၂

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် မြောက်ပိုင်းဒေသများ၌ ဧပြီ ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ ဒေသခံပြည်သူ ၂၄၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ထိုသို့ မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ် ၂၀၀၀ ခန့် ပျက်စီးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ပျိုးမြေဟက်တာ ၂၂၀၀၀ ခန့်လည်း ပျက်စီးခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

— — — — — —

ဆိုမာလီယာကမ်းလွန်၌ ကုန်တင်သင်္ဘော အပိုင်စီးခံရ

မိုဂါဒစ်ရှူး ဧပြီ ၂၂

ဆိုမာလီယာနိုင်ငံ ဘိုဆာဆိုမြို့ကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ ဧပြီ ၂၂ရက်က အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) နိုင်ငံအလံလွှင့်ထူထားသော ကုန်တင်သင်္ဘောတစ်စင်း အပိုင်စီးခံရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ သင်္ဘောပေါ်၌ သင်္ဘောသား ၂၆ ဦးပါရှိပြီး လောလောဆယ် အဆက်အသွယ် ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

■ ကျောဖုံးမှ

ဘွက်ကြီးတံတားသစ်မှာ ချဉ်းကပ် တံတားတွင် ပြည်ဘက်ကမ်း ပေ ၆၅၀နှင့် အောင်လံဘက်ကမ်း ပေ ၅၂၀ ရှိပြီး ပင်မ တံတားအရှည်ပေ ၆၀၀ စုစုပေါင်း တံတားအရှည်ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ချဉ်းကပ်လမ်းအပိုင်းတွင် ပြည်ဘက်ကမ်းတွင် ၁၈၈၉ ပေရှိ၍ အောင်လံဘက်ကမ်း၌ ၁၄၄၁ ပေ အရှည်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

ရုရှားအာဏာရပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော မစ္စတာပူတင်ထံ တရုတ်သမ္မတဟူကျင်တောင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ပေကျင်း ဧပြီ ၂၂

ရုရှားသမ္မတရာထူးမှ စွန့်လွှတ်သွားပြီဖြစ်သော ဗလာဒီမာပူတင်အား စုစည်းညီညွတ်သည့် ရုရှားအာဏာရပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ၍ တရုတ်သမ္မတကြီးဟူကျင်တောင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ဧပြီ ၂၀ရက်၌ သဝဏ်လွှာပေးပို့ခဲ့သည်။



ပါတီဥက္ကဋ္ဌ ပူတင်

သမ္မတရာထူးကို စွန့်လွှတ်ပြီးနောက် ရုရှား အာဏာရ ပါတီဥက္ကဋ္ဌ ဖြစ်လာသူ ဗလာဒီမာ ပူတင်။

(အင်တာနက် ဓာတ်ပုံ)

ရုရှားအာဏာရပါတီသည် မစ္စတာပူတင်၏ ဦးဆောင်မှုအောက်တွင် အောင်မြင်မှုများ ဆက်လက်ရရှိမည်ဟု ယုံကြည်ကြောင်း အဆိုပါသဝဏ်လွှာ၌ ရေးသားဖော်ပြသည်။

ယုံကြည်

တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)အနေဖြင့် ရုရှားအာဏာရပါတီနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီနှစ်ခုအကြား အပြန်အလှန်နားလည်သဘောပေါက်မှု၊ ယုံကြည်မှု၊ လွန်ခဲ့သောနှစ်များက ချမှတ်ထားသည့် တရုတ်နှင့် ရုရှားမဟာဗျူဟာ ဆက်ဆံရေးတို့ကို ရှင်သန်တိုးပွားအောင် ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း သဝဏ်လွှာ၌ ဖော်ပြသည်။

ဆန္ဒရှိ

စီပီစီပါတီအနေဖြင့် တရုတ်-ရုရှား ဆက်ဆံရေးမြှင့်တင်မှု၊ ကမ္ဘာ့စုံဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေးတို့လည်း မြှင့်တင်ဆောင်ရွက်သွားရန် ဆန္ဒရှိသည်ဟုဆိုသည်။

အမ်အင်န်အေဆင်ဟွာ

ဖမ်းဆီးထားသော ကျားသတ္တဝါများ ထိန်းသိမ်းပြုစုမှသာ ကျားကောင်ရေတိုးပွားရေး လုပ်ဆောင်နိုင်မည်

ဆူမားတြား ဧပြီ ၂၂

ကမ္ဘာပေါ်တွင်ကျားကောင်ရေ လျော့နည်းလာပြီဖြစ်၍ တိရစ္ဆာန်ရုံများ၌ ဖမ်းဆီးထားသော ကျားများ(အပေါ်ပုံ)**ကို ကျားသားပေါက်မွေးမြူခြင်းဖြင့် ကျားကောင်ရေ တိုးပွားလာစေရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ရပ်ကို သုတေသနအဖွဲ့တစ်ဖွဲ့က ဧပြီ ၂၁ရက်၌ အကြံပြုတင်ပြထားသည်။**

အဆိုပါ ဖမ်းဆီးထားသောကျားများကို မျိုးဗီဇမျိုးပွားနည်းဖြင့် သားဖောက်မွေးမြူခြင်းဖြင့် ကျားကောင်ရေတိုးပွားလာမည်ဖြစ်ကြောင်း အမေရိကန်မှဒေါက်တာရှုကျင်လောနှင့်အဖွဲ့က သုတေသနပြုလေ့လာတင်ပြထားသည်။

ကမ္ဘာတစ်ဝန်း တောတောင်များ၌ ကျားကောင်ရေ ၃၀၀၀ခန့်သာ ရှိတော့သည်။ သို့သော်လည်း ကမ္ဘာတစ်ဝန်းရှိ တိရစ္ဆာန်ရုံများ၌ ဖမ်းဆီးထားသော ကျားကောင်ရေ ၁၅၀၀၀မှ ၂၀၀၀၀ အထိရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။

သိရ

၂၀၀၇ခုနှစ် ကုန်အထိ ဖမ်းဆီးထားသော ကျားကောင်ရေမှာ အမေရိကန်၌ ၄၂၁ ကောင်၊ ဆူမားတြား၌ ၂၈၅ကောင်၊ တရုတ်တောင်ပိုင်း၌ ၇၂ကောင်၊ ဘင်္ဂလားဒေ့ရှ်၌ ၁၈၈ကောင်၊ အင်ဒိုနီးရှား၌ ၁၄ကောင်နှင့် မလေးရှား၌ ၁၁၃ကောင် ရှိကြောင်း သိရသည်။

လျော့နည်း

၁၉၉၀ပြည့်လွန်နှစ်များက ကမ္ဘာတစ်ဝန်း ကျားကောင်ရေ ၁၀၀၀၀ခန့်ရှိရာမှ ၂၀၀၇ခုနှစ်တွင် ၃၀၀၀ခန့်သာ ရှိတော့သည်။ ကျားများသည် အမဲလိုက်သတ်ဖြတ်ခံရမှုကြောင့် ကျားကောင်ရေလျော့နည်းလာလျက်ရှိသည်။ **(အင်တာနက်)**

သြစတြေးလျကို သမ္မတနိုင်ငံထူထောင်ရေး နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကျင်းပ

ကင်ဘာရာ ဧပြီ ၂၂

အစိုးရဦးစီးသော သြစတြေးလျအနာဂတ်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကြောင့် သြစတြေးလျနိုင်ငံ၌ သမ္မတဦးဆောင်သည့် သမ္မတနိုင်ငံထူထောင်ရေးနှင့်တကွ နိုင်ငံတော်အကြီးအကဲနေရာတွင် ဗြိတိသျှဘုရင်မကြီးအား ထားရှိမှုစနစ် အဆုံးသတ်ရေးတို့ကို ဦးတည်စဉ်းစားလာကြသည်။

ဗြိတိန်ဘုရင်စနစ်နှင့် မိမိတို့ သြစတြေးလျနိုင်ငံတို့ စည်းခြားရေးမှာ မလွှဲမသွေဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး စတီဖင်စမစ်က ပြောကြားသည်။

သြစတြေးလျအနာဂတ်ရေးကို အပြင်းအထန်ခေါင်းချင်းရိုက် အဖြေရှာရန်အတွက် နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးသို့ သရုပ်ဆောင် ကိတ်ဘလန်ချက်နှင့် ဟတ်ဂျက်မင်း အပါအဝင် ဦးနှောက်အကောင်းဆုံး၊ အထက်မြက်ဆုံးပြည်သူ ၁၀၀၀ကို သြစတြေးလျဝန်ကြီးချုပ်ကေဗင်ရတ်က ဖိတ်ကြားသည်။ **(အင်တာနက်)**

အာဂျင်တီးနား၌ အဆိပ်သင့်မှုဖြစ်ပွား

ဗျူးနို့စ်အေရီးစ် ဧပြီ ၂၂

အာဂျင်တီးနားနိုင်ငံ ဗျူးနို့စ်အေရီးစ်မြို့၌ ဧပြီ ၂၁ရက်က အဆိပ်သင့်ဝေဒနာခံစားရသူ ၁၀ ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။

ပြောကြား

ရောဂါခံစားရသူများသည် ဗျူးနို့စ်အေရီးစ်မြို့တော် မြောက်ပိုင်း ဘဲလ်ဂျာနိုမြို့အနီးဝန်းကျင်တွင် နေထိုင်ကြသူများဖြစ်ကြောင်း၊ ဘဲလ်ဂျာနိုမြို့ အထက်တန်းကျောင်းရှိ ဓာတ်ခွဲခန်းမှ အဝါရောင် ပေါင်ဒါမှုန့်များ စွန့်ပစ်ရာမှ အဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒိုင်နိုဆော အရိုးစု ၆၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် လူဖန်းဒေသရှိ ကမ္ဘာ့ဒိုင်နိုဆောတောင်ကြား၌ ဒိုင်နိုဆောအရိုးစုများကို ပြခန်းဖွင့်လှစ်၍ ပြသထားသည်။ (ယာပုံ) (ယင်းဒိုင်နိုဆော ပြခန်း၌ ဒိုင်နိုဆောအကောင် ၆၀၏ အရိုးစုများကို ပြသထားသည်။)

(အင်တာနက်ဓာတ်ပုံ)

အပုညက်ဆုံး မိန်းကလေး

အိန္ဒိယနိုင်ငံ နာပူရာမြို့၌ ဂျိုတီအမီရှိ အသက် ၁၅နှစ်အရွယ် မိန်းကလေးမှာ အရပ် ၅၉ဒသမ ၆၉စင်တီမီတာရှိပြီး ကိုယ်အလေးချိန် ၅ဒသမ ၂၅ကီလိုဂရမ်သာရှိသဖြင့် ဆယ်ကျော်သက်အရွယ်များအတွင်း အပုညက်ဆုံး မိန်းကလေးအဖြစ် ဖော်ပြခြင်းခံရသည်။

ပညာသင်ကြား

ဂျိုတီအမီမှာ နဂျာပူမြို့ အထက်တန်းကျောင်းတွင် သူမ၏သီးသန့် ထိုင်ခုံလေးဖြင့် အတန်းဖော်များနှင့်အတူ ပညာသင်ကြားလျက်ရှိသည်။(ဝဲပုံ)

(အင်တာနက်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၂ -၄-၂၀၀၈

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိုင်းရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲခြင်းသည် ထိုင်းတောင်ပိုင်းရှိ ခွဲထွက်ရေးသမားများ၏ လက်ချက်ဖြစ်ပြီး လွန်ခဲ့သောလေးနှစ်မှစတင်၍ ယခုအချိန်အထိ တောင်ပိုင်းခွဲထွက်ရေး လှုပ်ရှားမှုများကြောင့် လူပေါင်း ၂၉၀၀ခန့် သေဆုံးခဲ့ရသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်း ကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကျဆင်းလျက်ရှိပြီး ဧပြီ ၂၂ရက်က ငွေကြေးလဲလှယ်မှုဈေးကွက်၌ ဥရောပသုံးငွေ တစ်ယူရိုငွေလျှင် အမေရိကန် ၁ဒသမ ၅၈၀၅ဒေါ်လာမှ ၁ဒသမ ၅၉၁၆ဒေါ်လာသို့ ကျဆင်းခဲ့သည်။

တမီးလ်ကျားသူပုန်သင်္ဘောသုံးစင်း သီရိလင်္ကာလေတပ်ဖျက်ဆီး

သီရိလင်္ကာ အရှေ့မြောက်ပိုင်းရှိ မူလာတီမူမြစ်အတွင်း လက်နက်ကြီးများ တပ်ဆင်ထားသည့် တမီးလ်ကျားသူပုန် သင်္ဘောသုံးစင်းကို ဧပြီ ၂၁ ရက်က တိုက်ခိုက်ဖျက်ဆီးလိုက်ကြောင်း သီရိလင်္ကာစစ်ဘက်မှ ပြောကြားသည်။

ဆိုက်ပရပ်စ်၌ မီးခေါင်သဖြင့် ဂရိမှရေတင်သွင်းခဲ့ရ

ဆိုက်ပရပ်စ်နိုင်ငံတွင် ဆိုးရွားစွာ မိုးခေါင်မှုဖြစ်ပွားခဲ့ရာ ယခုနွေရာသီအတွက် ဂရိနိုင်ငံမှ ရေကုဗမီတာ ရှစ်သန်း တင်သွင်းရလိမ့်မည် ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး မစ်ချဲလ်ပိုလီနီကီက ပြောကြားခဲ့သည်။

တာဝေးပစ် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ပါကစ္စတန်က စမ်းသပ်ပစ်လွှတ်

ပါကစ္စတန်နိုင်ငံက တာဝေးပစ်နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း ပါကစ္စတန် စစ်ဘက်အရာရှိများက ပြောကြားသည်။ အဆိုပါ နျူကလီးယားထိပ်ဖူးတပ်တာဝေးပစ်ဒုံးကျည်သည် မိုင် ၁၂၀၀အထိပစ်ခတ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကဏ္ဍသစ် ဖွင့်လှစ်လိုက်သည့် ပါရာဂွေးနိုင်ငံ

သတင်းအက်ဆေး

ပါရာဂွေးနိုင်ငံသည် တောင်အမေရိကတိုက် အလယ်ပိုင်းတွင် တည်ရှိသည်။ ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ ဤနိုင်ငံသည် တောင်အမေရိကတိုက်နိုင်ငံများတွင် လူဦးရေ အကျဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၈၉ခုနှစ်တွင် ရာထူးမှ ဖယ်ရှားခံရပြီး ၂၀၀၆ခုနှစ်တွင် ပြည်ပ၌ ကွယ်လွန်သွားသူ အယ်ဖရက်ဒို စထရိ အက်စနာ၏ သံမဏိလက်သီးအောက်တွင် နှစ်ပေါင်း ၃၀ကျော်ကြာအောင် တင်းကျပ်စွာ အုပ်ချုပ်ခံခဲ့ရသည့် နိုင်ငံဖြစ်သည်။

အာဏာရ

အာဏာရှင် အုပ်စိုးမှု အဆုံးသတ်သွားခြင်းကြောင့် နိုင်ငံရေးတည်ငြိမ်မှု မရရှိခဲ့။ ဂိုဏ်းဂဏအုပ်စုများ ပေါ်ပေါက်လာပြီးနောက် ဒုတိယသမ္မတတစ်ဦးကို လုပ်ကြံမှု၊ သမ္မတတစ်ဦးကို ရာထူးမှချမှု၊ အာဏာသိမ်းရန် ကြိုးပမ်းမှုများ ကြုံရပြန်သည်။ အယ်ဖရက်ဒို့စထရိအက်စနာ၏ နေရှင်နယ် ရီပတ်ဘလီကင်အသင်းခေါ် ကိုလိုရာဒိုပါတီမှာ အာဏာဆက်ရနေသေးသည်။ ၂၀၀၈ခုနှစ် ဧပြီလရွေးကောက်ပွဲကာလအထိ ကြာမြင့်သည်။ ပါရာဂွေးနိုင်ငံသို့ ပေါ်တူဂီ နယ်ပယ်သစ်ရှာဖွေသူ ဂါစီယာ ၁၅၂၅ခုနှစ်က ရောက်လာသည်။ ၁၅၃၇ ခုနှစ်တွင် စပိန်တို့က အတွင်းပိုင်းကို လက်အောက်ခံနယ်မြေသတ်မှတ်သည်။ ၁၆၀၉ခုနှစ်တွင် ဒေသခံများကို ရိုမန်ကက်သလစ်ဘာသာ သွတ်သွင်းသည်။ ၁၈၁၁ခုနှစ်တွင် ပါရာဂွေးနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။

၁၈၆၅-၇၀ ခုနှစ်များအတွင်း ပါရာဂွေးနိုင်ငံက ပင်လယ်ရေကြောင်းထွက်ပေါက် ရရှိရေးအတွက် အာဂျင်တီးနား၊ ဘရာဇီး၊ ဥရုဂွေးနိုင်ငံများနှင့် စစ်ဖြစ်သည့်အတွက် ပါရာဂွေးပြည်သူထက်ဝက်ကျော် အသက်ပေးခဲ့ရပြီး ပိုင်နက်နယ်မြေ အများအပြား လက်လွှတ်ခဲ့ရသည်။

၁၉၅၄ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအယ်ဖရက်ဒိုစထရိအက်စနာ အာဏာသိမ်းလိုက်သည်။ အနှစ် ၃၀ကျော်ကြာ အညာအတာကင်းသည့် အာဏာရှင် အုပ်ချုပ်ရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးလိုက်ခြင်းပင်သည်။ ၁၉၈၉ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အင်ဒရက်ရိုဒရီက အာဏာသိမ်းပြန်သည်။ ထို့နောက် သမ္မတအဖြစ် အရွေးခံရသည်။ သို့သော် ကိုလိုရာဒိုပါတီက ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။

ကျမ်းသစ္စာကျိန်ဆို

၁၉၉၃ခုနှစ်တွင် ပထမဆုံး ပါတီစုံရွေးကောက်ပွဲ၌ ကိုလိုရာဒိုပါတီပင် အနိုင်ရသည်။ ပထမဆုံး လွတ်လပ်စွာရွေးချယ်သည့် သမ္မတရွေးကောက်ပွဲ၌ ဂျူအင်ကာလို့စ် အနိုင်ရသည်။ ၁၉၉၈ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ကိုလိုရာဒိုပါတီ ကိုယ်စားလှယ် ကျူးဘတ်အရွေးခံရသည်။ ၁၉၉၉ခုနှစ်တွင် ဒုတိယသမ္မတ ကူဝီမာရီယာ လုပ်ကြံခံရသဖြင့် သမ္မတကျူးဘတ်ရာထူးမှ ထွက်ပေးခဲ့ရသည်။ ရွှန်ဇာလက်မက်ချီ ယာယီသမ္မတတာဝန်ယူသည်။ ၂၀၀၃ခုနှစ် ဩဂုတ်လတွင် အာဏာရ ကိုလိုရာဒိုပါတီမှ နီကာနော်ဒွါတေ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

တက်ရောက်

၂၀၀၅ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့ကုန်းတွင်းပိတ်နိုင်ငံများ၏ ပထမဆုံးအကြိမ် ညီလာခံကို ပါရာဂွေးနိုင်ငံက လက်ခံကျင်းပသည်။ နိုင်ငံပေါင်း ၃၀ကျော် တက်ရောက်ခဲ့သည်။

၂၀၀၈ခုနှစ် ဧပြီလ သမ္မတရွေးကောက်ပွဲတွင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မျိုးချစ်မဟာမိတ် ပါတီကိုယ်စားလှယ် ဖာနန်ဒိုလူဂိုက အာဏာရ ကိုလိုရာဒိုပါတီကိုယ်စားလှယ် မီးစ်ဘလန်က အိုဗယ်လာရီအား အနိုင်ယူလိုက်သည်။

ဖာနန်ဒိုလူဂိုသည် ရိုမန်ကက်သလစ် ခရစ်ယာန်ဂိုဏ်းချုပ်ဟောင်း တစ်ဦးဖြစ်ပြီး ဆင်းရဲသားများ၏ ဂိုဏ်းချုပ်ဟု သူ့ကိုခေါ်ဝေါ်ခဲ့ကြသည်။

ရင်ဆိုင်ဖြေရှင်း

ရွေးကောက်ပွဲအနိုင်ရ အောင်ပွဲခံပွဲကို အဆန်းရှင်းမြို့တော်၌ ညဉ့်နက်သည် အထိကျင်းပလျက်ရှိသည်။ သမ္မတသစ် ဖာနန်ဒိုလူဂိုအနေဖြင့် ရင်ဆိုင်ဖြေရှင်းရသည့် ပြဿနာများက များပြားလှသည်။ ဆင်းရဲမွဲတေမှု၊ အထူးသဖြင့်ကျေးလက်ဒေသပြည်သူတို့၏ ဆင်းရဲမွဲတေမှုက နက်ရှိုင်းသည်။ ပြည်ပသွားရောက်လုပ်ကိုင်မှုများလည်း ကြုံတွေ့ရသည်။ အဂတိလိုက်စားမှုများကလည်း သမ္မတသစ်ကိုင်တွယ်ရမည့် လုပ်ငန်းတွင် ပါဝင်သည်။

မည်သို့ပင်ဖြစ်စေ ဆင်းရဲသားများ၏ ဂိုဏ်းချုပ်ကို သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းမှာ နိုင်ငံအနာဂတ်ဖွံ့ဖြိုးရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လိုက်ခြင်းပင် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

၁၈၆၅-၇၀ ခုနှစ်များအတွင်း ပါရာဂွေးနိုင်ငံက ပင်လယ်ရေကြောင်း ထွက်ပေါက်ရရှိရေးအတွက် အာဂျင်တီးနား၊ ဘရာဇီး၊ ဥရုဂွေးနိုင်ငံများနှင့် စစ်ဖြစ်သည့်အတွက် ပါရာဂွေးပြည်သူထက်ဝက်ကျော် အသက်ပေးခဲ့ရပြီး ပိုင်နက်နယ်မြေ အများအပြား လက်လွှတ်ခဲ့ရ။

အမေရိကန်က ချက်နိုင်ငံ၌ ရေဒါစခန်းတည်ဆောက်ရန် စီစဉ်ခဲ့မှု ချက်ပြည်သူများ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြ

ပရာဟာ ဧပြီ ၂၂

ချက်နိုင်ငံ မီဆော့မြို့ရှိ ဘာဒီစစ်အခြေစိုက်စခန်းအနီး၌ အမေရိကန်က ရေဒါအခြေစိုက်စခန်း တည်ဆောက်ရန် စီစဉ်နေသည့်အတွက် ပြည်သူ ၂၀၀၀ခန့်က ဆန့်ကျင်ကန့်ကွက် ဆန္ဒပြမှု ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ရေးသားဖော်ပြသည်။

ချီတက်ဆန္ဒပြ

ယင်းမြို့လယ်သို့ ဘတ်စ်ကားအစီး ၂၀ဖြင့် ရောက်ရှိနေသော ပြည်သူများနှင့် ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် ရောက်ရှိလာသူများက မိုးထဲရေထဲတွင် အမေရိကန်ဆန့်ကျင်ရေး ဆိုင်းဘုတ်များကိုင်ဆောင်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။

ကြီးမှူးကျင်းပ

အဆိုပါ ဆန္ဒပြပွဲကို အနောက်ဘိုဟီးမီးယားနှင့် ဗဟိုဘိုဟီးမီးယားရှိ ကွန်မြူနစ်ပါတီမှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများသည် မီဆော့မြို့လယ်မှ ရေဒါစခန်း တည်ဆောက်မည့် နေရာသို့ ချီတက်ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။

ချက်နိုင်ငံသားများသည် ယင်းတို့နိုင်ငံအတွင်း မည်သည့်စစ်အခြေ စိုက်စခန်းမှ မရှိစေရဟူသော အယူအဆကို ပြောင်းလဲလိမ့်မည် မဟုတ်ကြောင်း ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဗော့တက်ချ်ဖိလစ်က ပြောကြားသည်။

ဆက်လက်ဆန့်ကျင်

ကွန်မြူနစ်ပါတီ အဖွဲ့ဝင်များ အနေဖြင့်လည်း အမေရိကန်၏ ရေဒါစခန်း တည်ဆောက်ရန် စီစဉ်မှုကို ဆက်လက်ဆန့်ကျင်သွားမည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံသည် ယခုနှစ် နှစ်ဆန်းပိုင်းက ချက်နိုင်ငံ၌ ဒုံးကျည်ကာကွယ်ရေး ရေဒါစခန်း တည်ဆောက်ပြီး ပိုလန်တွင် ဒုံးခွင်းဒုံးအခြေစိုက်စခန်း တည်ဆောက်ရန် စီစဉ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယန်စီမြစ်ဖြတ်ကျော် ဥမင်လိုဏ်ခေါင်း တရုတ်၌ တည်ဆောက်ပြီးစီး

ဝမ်ဟန် ဧပြီ ၂၂

တရုတ်နိုင်ငံ ဝမ်ဟန်မြို့၌ ယန်စီမြစ်ကို ဖြတ်ကျော်ကာ ပထမဆုံးရေအောက် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်မှုစီမံကိန်းကို သုံးနှစ်ကျော် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဖော်ပြ

ယင်း ဥမင်လိုဏ်ခေါင်းသည် အရှည် ၃၆၀၉ မီတာရှည်လျားပြီး လေးလမ်းသွား ဖောက်လုပ်ကာ ဝမ်ဟန်မြို့နှင့် ဝမ်ချန်မြို့ရှိ အစိုးရရုံးဌာနများနှင့် တက္ကသိုလ်ကျောင်းများ သို့လည်းကောင်း၊ ဟန်ကျိုမြို့ရှိ စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာသို့ သွားလာနိုင်ရန်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မောင်းနှင်နိုင်

အဆိုပါ ဥမင်လိုဏ်ခေါင်းအတွင်း တစ်နာရီ ကီလိုမီတာ ၅၀နှုန်းဖြင့် နေ့စဉ် ခရီးသွားယာဉ်များ ၅၂၀၀ခန့် ဖြတ်သန်းမောင်းနှင်နိုင်သည်။

ကုန်ကျခံတည်ဆောက်

၎င်းလုပ်ငန်းစီမံကိန်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာလမှစတင်ကာ အမေရိကန်ဒေါ်လာ ၂၈၆သန်း ကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆိပ်ကမ်းမြို့ကြီး

ဟူဘေးပြည်နယ် ဝမ်ဟန်မြို့သည် လူဦးရေရှစ်သန်းခန့်နေထိုင်လျက်ရှိပြီး မီးရထားလမ်း ငါးခု၊ အမြန်ရထားလမ်း ခြောက်ခု၊ အဝေးပြေးကားလမ်းမကြီးများစွာရှိသည့် ဆိပ်ကမ်းမြို့ကြီး ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သောလိပ်ကြီး ဗီယက်နမ်မြောက်ပိုင်း၌ ပြန်လည်တွေ့ ရှိခဲ့ရ

ဟန္နိုင်း ဧပြီ ၂၂

ဗီယက်နမ်နိုင်ငံ၌ မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သော ရှောမလိပ်ကြီး(အပေါ်ပုံ) **တစ်ကောင်ကို ပြန်လည်တွေ့ရှိရပြီဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။**

တွေ့ရှိခဲ့

အဆိုပါလိပ်ကြီးကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ရေကန်ကြီးတစ်ကန်အတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကလီဖိုးနီးယား တိရစ္ဆာန်ရုံမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှာဖွေ

ယင်း သိပ္ပံပညာရှင် အဖွဲ့သည် စဝင်းဟိုးဟုခေါ်သော အဆိုပါရှောမလိပ်မျိုးစိတ်ကို ရှာဖွေလျက်ရှိသည်မှာ သုံးနှစ်ကြာညောင်းခဲ့ပြီဟု ဆိုသည်။

ပြောကြား

စဝင်းဟိုးလိပ်မျိုးသည် အလျားတစ်မီတာအထိ ရှည်လျားကြီးထွားနိုင်ကြောင်း၊ သက်တမ်းနှစ် ၁၀၀အထိနေနိုင်ကြောင်း လိပ်ကျွမ်းကျင်သိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံသားများအား အာဖဂန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထား

ကဘူးလ် ဧပြီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ပါကစ္စတန်နိုင်ငံသား ၆၀ကျော်အား အာဖဂန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနမှက ဧပြီ၇ရက်တွင် ကြေညာချက် ထုတ်ပြန်သည်။

ဖမ်းဆီး

လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ပါကစ္စတန်နိုင်ငံသား ၆၈ဦးအား အာဖဂန်တပ်ဖွဲ့ဝင်များက ကန်ဒါဟာပြည်နယ် စပင်ဘိုးဒတ်ခရိုင်၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းပါကစ္စတန်နိုင်ငံသားများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း မော်တော်ကားနှစ်စီး၊ မြင်းခြောက်စီးဖြင့် ဝင်ရောက်လာစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

အာဖဂန်တပ်ဖွဲ့ဝင်များသည် ဖမ်းဆီးထားသော ပါကစ္စတန်နိုင်ငံသားများအား စုံစမ်းစစ်ဆေးရန်အတွက် သက်ဆိုင်ရာ စုံစမ်းရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သူတို့အတွေးနှင့် အမြင်

* ***The busy have no time for fears.***

အလုပ်များနေသူများသည် စိုးရိမ်ကြောက်လန့်ရန် အချိန်မရှိကြ။

လော့ဒ်ဘိုင်ရွန် (အင်္ဂလိပ်လူမျိုးကဗျာဆရာ)

* ***Honest labour bears a lovely face.***

ရိုးဖြောင့်စွာ လုပ်ကိုင်စားသောက်သူသည် ချစ်ခင်နှစ်လိုဖွယ်ရာ ဥပဓိရုပ်အဆင်းရှိသူ ဖြစ်သည်။

သောမတ်စ်ဒက်ကာ (စကော့တလန်စာရေးဆရာ)

ဘဝအမောပြေ

သတ္တိရှိရဲ့လား

တိရစ္ဆာန်ဥယျာဉ်တစ်ခု၌ အလုပ်လုပ်ရန်လာလျှောက်သူတစ်ဦးအား စစ်ဆေးရေးအရာရှိက အောက်ပါအတိုင်း လူတွေ့မေးမြန်းလေသည်-

အရာရှိ ။ ။ မင်းသတ္တိကောရှိရဲ့လား။
အလုပ်လျှောက်သူ ။ ။ ရှိပါတယ်။
အရာရှိ ။ ။ ပေးအပ်တဲ့တာဝန်ကော ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ပါ့မလား။
အလုပ်လျှောက်သူ ။ ။ ထမ်းဆောင်နိုင်ပါတယ်။
အရာရှိ ။ ။ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။
အလုပ်လျှောက်သူ ။ ။ စဉ်းစားဆုံးဖြတ်ပြီးမှ အလုပ်လာလျှောက်တာပါ။
အရာရှိ ။ ။ ကဲဒါဆို…မင်းကိုအလုပ်ခန့်ပြီ၊ မနက်ဖြန်ကစပြီး အလုပ်စလုပ်ရမယ်။
အလုပ်လျှောက်သူ ။ ။ ဘယ်နေရာမှာအလုပ်လုပ်ရမလဲခင်ဗျာ။
အရာရှိ ။ ။ ကျားတွေရဲ့ခံတွင်းကို နေ့တိုင်း သန့်ရှင်းရေးလုပ်ရမယ့် အလုပ်ပဲ။
အလုပ်လျှောက်သူ ။ ။ **“ဟာ-ဗျာ”**

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ကြိုးပမ်းမှု ဘုရှ်နှင့် ဘီလ်ကလင်တန်တို့အား အိုဘားမားဝေဖန်

ဝါရှင်တန် ဧပြီ ၂၂

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းနေရာအတွက် ဟီလာရီကလင်တန်နှင့် အကြိတ်အနယ် ကြိုးပမ်းလျက်ရှိသူ အထက်လွှတ်တော်အမတ် အိုဘားမားက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုနှင့်ပတ်သက်၍ သမ္မတဘုရှ်ရော၊ သမ္မတဟောင်း ဘီလ်ကလင်တန်ကိုပါ ဧပြီ ၂၁ရက်က ဝေဖန်လိုက်သည်။

ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် အိုဘားမား

သမ္မတနှစ်ဦးတို့သည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးရရှိအောင် တွန်းအားပေးဆောင်ရွက်ရာတွင် အချိန်ဆွဲလွန်းကြောင်း အိုဘားမားက ထောက်ပြလိုက်သည်။

သဘောတူညီ

သူသာဆိုလျှင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိအောင် သံတမန်နည်းလမ်းဖြင့် အစကပင် တက်ကြွစွာလုပ်ဆောင်မည်ဟု ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က စတင်သည့် အရှေ့အလယ်ပိုင်း ခရီးစဉ်အတွင်း အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဟားမတ်စ်အုပ်စုတို့၏ တွေ့ဆုံမှုနှင့်ပတ်သက်၍ သဘောထားအမြင်ကို အိုဘားမားကဖြေကြားရာ၌ သူ့အနေဖြင့် ဂျင်မီကာတာနှင့် အမှန်ပင် သဘောမတူကြောင်း ပြောကြားလိုက်သည်။

ဝင်ရောက်ဆောင်ရွက်

အခြားတစ်ဖက်အနေဖြင့်လည်း အမေရိကန်သမ္မတများ နောက်ဆုံးနှစ် သက်တမ်းအတွင်း လုပ်ကိုင်တတ်သည့်ဓလေ့ကိုလည်း သူလက်မခံနိုင်ကြောင်း အိုဘားမားက ပြောကြားသည်။ ယင်းဓလေ့မှာ သမ္မတများသည် ငြိမ်းချမ်းရေး သဘောတူညီမှုရရေး ဝင်ရောက်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။

ကြိုးပမ်း

သမ္မတဘီလ်ကလင်တန်သည် သမ္မတသက်တမ်းနောက်ဆုံးနှစ်တွင် ထိုသို့ကြိုးပမ်းခဲ့သလို သမ္မတဘုရှ်ကလည်း အလားတူဆောင်ရွက်ရန် ကြိုးပမ်းလာပြန်ကြောင်း အိုဘားမားက ပြောကြားသည်။

ဝေဖန်

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများပြုလုပ်ရာ၌ ယခင်အခါများက လက်ဆင့်ကမ်းသည့်နေရာကို ရှောင်ရှားသူ ရီပတ်ဘလီကင်သမ္မတဘုရှ်သည် မူဝါဒပြောင်းလဲကာ မေရီလင်းပြည်နယ် အနာပိုလစ်၌ နိုဝင်ဘာလ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညီလာခံကို လက်ခံကျင်းပပေးခဲ့ကြောင်း အိုဘားမားက ထောက်ပြဝေဖန်လိုက်သည်။

(အင်တာနက်)



သမ္မတမူရှာရက်ဖ်နှင့် ထိပ်တိုက်တွေ့ရန် ပီပီပီပါတီခေါင်းဆောင် အလီဇာဒါရီအာဏာမရှိ

အစ္စလမ္မာဘတ် ဧပြီ ၂၂

ပါကစ္စတန် ညွန့်ပေါင်းအစိုးရကို ဦးဆောင်သည့် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ခေါင်းဆောင် အလီဇာဒါရီက ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် သူ့တွင်အာဏာမရှိကြောင်း ပြောကြားလိုက်သည်။

ပြောကြား

သမ္မတ၊ ပါလီမန်နှင့် အစိုးရအဖွဲ့တို့အကြား ဆက်ဆံရေး ပဋိပက္ခ ဖြစ်သွားစေနိုင်လောက်အောင် သူ့တွင် အာဏာအင်အားမရှိကြောင်း၊ လောလောဆယ်အချိန်တွင် အခြေအနေကို မိမိတို့အဆုံးသတ်စေမည်မဟုတ်ကြောင်း ၄င်းက ပြောကြားသည်။

ဇနီးဖြစ်သူ ဘာနာဇီယာဘူတို ဒီဇင်ဘာ ၂၇ရက်က လုပ်ကြံခံရပြီးနောက် ဖေဖော်ဝါရီ ၁၈ရက် ရွေးကောက်ပွဲတွင် အနိုင်ရသည့် ပီပီပီပါတီကို အလီဇာဒါရီ ခေါင်းဆောင်လျက်ရှိသည်။

အစိုးရဖွဲ့ထား

မစ္စတာဇာဒါရီသည် ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပါတီနှင့်သူ့ပီပီပီ ပါတီတို့ကိုပေါင်းကာ ပါကစ္စတန် ညွန့်ပေါင်းအစိုးရ ဖွဲ့ထားခြင်း ဖြစ်သည်။

ဖယ်ရှား

နဝပ်ရှရစ်ဖ်မှာ ၁၉၉၉ခုနှစ်က ဗိုလ်ချုပ်ကြီး မူရှာရက်ဖ်၏ ဖယ်ရှားအာဏာသိမ်းခံရသူဖြစ်ပြီး ယခုအခါတွင် သမ္မတမူရှာရက်ဖ်အား အာဏာမှဖယ်ရှားပစ်ရန် သန္နိဋ္ဌာန်ချထားသူ ဖြစ်သည်။

ဖော်ပြ

အမေရိကန်၏ မဟာမိတ် တစ်ဦးဖြစ်သူ လူကြိုက်များသည့် သမ္မတမူရှာရက်ဖ်နှင့် ပါကစ္စတန်အစိုးရသစ်တို့အကြား ထိပ်တိုက်တွေ့မှုက နျူကလီးယား ပိုင်ဆိုင်သည့် ပါကစ္စတန်နိုင်ငံတွင် မတည်မငြိမ်ဖြစ်မှု ကြာရှည်သွားစေနိုင်သည်စသဖြင့် ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေရိုက်တာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၃၇ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ ဧပြီ ၁၉ရက်က အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်းအမေရိကန်စစ်ဘက်ကသတင်းထုတ်ပြန်သည်။

ဖော်ပြ

ဧပြီ ၁၈ရက် မွန်းလွဲ ၁နာရီ ၄၅မိနစ်ခန့်က ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်အတွင်း ၄င်းတို့သယ်ယူပို့ဆောင်ရေး ယာဉ်တန်း အနီးလမ်းဘေးဗုံး ပေါက်ကွဲသဖြင့် နိုင်ငံစုံတပ်ဖွဲ့မှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တိုက်ခိုက်

ယင်းနေ့ နှောင်းပိုင်းတွင် ဆာလာဟူဒင် ပြည်နယ်၌ အစောင့်တပ်ဖွဲ့ဝင်များအနီး ကားတစ်စီးဖြင့် ဖြတ်သန်းလျက် ဖောက်ခွဲတိုက်ခိုက်သဖြင့် ဒုတိယတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အခြားကြေညာချက်၌ ပါရှိသည်။

ထုတ်ပြန်

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲ စတင်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၃၈ဦး ရှိသွားပြီဖြစ်ကြောင်း၊ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ပိုမိုများပြားလာဖွယ်ရှိကြောင်း ပင်တဂွန် စစ်ဌာနချုပ်က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေဆင်ဟွာ

ကြယ်စုအတွင်း အလွန်သေးငယ်သောကြယ်တာရာများ ပွားများလာ နာဆာကြယ်စုလေ့လာရေးယာဉ်မှ လေ့လာတွေ့ရှိခဲ့

နာဆာ ဧပြီ ၂၂

ကြယ်စုတစ်စု၏ အပြင်ဘက်၌ မရေမတွက်နိုင်သော သေးငယ်သည့် ကြယ်တာရာများ ပွားများလာနေသည်ကို နာဆာနက္ခတ္တဗေဒသိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

နာဆာ အာကာသ မှန်ပြောင်းမှ တွေ့ရသော M83ဟု အမည်ပေးထားသည့် ကြယ်စုမှ အလွန်သေးငယ်သော ကြယ်တာရာလေးများ ရာထောင်ချီ၍ ပွားများလာနေကြောင်း တွေ့ရသည်ဟု ဆိုသည်။

နာဆာမှ ကြယ်စုလေ့လာရေး အာကာသယာဉ်(ဂါးလက်ဇ်)ဂြိုဟ်တုသည် M83 ကြယ်စုကိုလေ့လာခဲ့ရာ နီမြန်းသော ကြယ်တာရာငယ်များကို တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်။

တွေ့မြင်ရ

(ဂါးလက်ဇ်)၏ ဂြိုဟ်တုတွင် အချင်းဝက် စင်တီမီတာ ၅၀ရှိသော နက္ခတ္တာရာကြည့် မှန်ပြောင်းကြီးတစ်ခု တပ်ဆင်ထားသည်။ ယင်းမှန်ပြောင်းသည် သာမန်တွေ့ရှိနိုင်သော ကြယ်စုများကို စူးစမ်းလေ့လာကြည့်ခဲ့ရာ ကြယ်စုအတွင်းမှ အလွန်သေးငယ်သော ကြယ်တာရာများ ပွားများလာသည်ကို တွေ့မြင်ရသည်ဟုဆိုသည်။

အလွန်သေးငယ်

M83 ကြယ်စုကိုဗဟိုပြုလျက် အလင်းနှစ် ၁၄၀၀၀၀အကွာအဝေးအထိ အလွန်သေးငယ်သော ကြယ်တာရာငယ်များကို တွေ့မြင်နေရကြောင်း ဂျာမနီနိုင်ငံရှိ မက်ဇ်ပလန့် နက္ခတ္တဗေဒဌာနမှ ဖရန့်ဘီဂျီရယ်က ပြောကြားသည်။

(အင်တာနက်)



ကြယ်စုတစ်ခု၏ အပြင်ဘက်၌ အလွန်သေးငယ်သည့် ကြယ်တာရာများစွာကို နာဆာအာကာသမှန်ပြောင်းမှ ဧပြီ ၂၁ ရက်က တွေ့ရပုံ။

(အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ

ရေနံစိမ်းဈေးနှုန်း စံချိန်တင် မြင့်တက်

နယူးယောက် ဧပြီ ၂၂

ဈေးကွက်အတွင်း ရေနံလိုအပ်မှုများကြောင့် ဧပြီ ၂၂ရက်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၇ဒေါ်လာ အထိ ပထမဆုံးအကြိမ် မြင့်တက်လာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံစိမ်း ထုတ်လုပ်ပေးလျက်ရှိသည့် ရှဲလ်ကုမ္ပဏီ၏ ရေနံပိုက်လိုင်း ဗုံးခွဲတိုက်ခိုက်မှုခံရပြီးနောက်ပိုင်း ရေနံဈေးနှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် မေလတွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၄၈ ဒေါ်လာအထိ ထပ်မံမြင့်တက်လာနိုင်ကြောင်း နယူးယောက် ရေနံတင်ပို့ရောင်းချမှုအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

မိုဂါဒစ်ရှူး၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွား လူ ၁၀ ဦး အစုလိုက် သတ်ဖြတ်ခံရ

မိုဂါဒစ်ရှူး ဧပြီ ၂၂

ဆိုမာလီယာနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူး၌ အီသီယိုးပီးယားတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့ပြီး နှစ်ရက်အကြာ ဗလီတစ်ခုတွင် လူသေအလောင်း ၁၀ လောင်းတွေ့ရှိခဲ့သည်။

အပြစ်ပြောဆို

ယင်းကိစ္စအတွက် ဒေသခံများက အစိုးရ၏ ကျောထောက်နောက်ခံပြုသော အီသီယိုးပီးယား တပ်ဖွဲ့ဝင်များအား အပြစ်ပြောဆိုလျက်ရှိကြသည်။

ဖြစ်ပွား

လွန်ခဲ့သော သီတင်းပတ်အတွင်း မြို့တော်၌ တိုက်ပွဲများဖြစ်ပွားခဲ့ရာ ၇၀ ခန့် သေဆုံးခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

ပြောကြား

တိုက်ပွဲများ ဖြစ်ပွားနေစဉ်အတွင်း ဆိုမာလီအစိုးရသည် ကိုယ့်အင်ကိုယ့်အားဖြင့် ကာကွယ်နေရကြောင်း ဝန်ကြီးချုပ် နူယာဟက်ဆန်ဟူစိန်က ပြောကြားသည်။

သေဆုံး

တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း အနီးပတ်ဝန်းကျင်ရှိ ပြည်သူသုံးဦးလည်း သေဆုံးခဲ့ရပြီး လူ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြော ကြားသည်။

အမ်အင်န်အေဆင်ဟွာ

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း ကွန်ဂိုမြစ်ပေါ်၌ တည်ဆောက်ရန် စီစဉ်နေ

ကင်ရှာဆာ (ကွန်ဂို) ဧပြီ ၂၂

အာဖရိကတိုက်မှ တာဝန်ရှိသူများနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများသည် ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီး အကောင်အထည်ဖော် တည်ဆောက်သွားရန် ဆွေးနွေးလျက်ရှိသည်။



အကောင်အထည်ဖော်

ယင်းတို့သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အင်ဂါဆည်ကြီးကို ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်သွားရန် လိုအပ်သည့် အမေရိကန်ဒေါ်လာ ဘီလီယံ၈၀ ရရှိရေး ဆွေးနွေးလျက်ရှိသည်။

လျှပ်စစ်မီးရရှိနိုင်

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကြီး အကောင်အထည်ဖော် တည်ဆောက်ပြီးပါက တရုတ်နိုင်ငံရှိ မြစ်ကျဉ်းသုံးသွယ်ဆည်တမံစီမံကိန်းမှ ထုတ်ယူရရှိသည့် ရေအားလျှပ်စစ်စွမ်းအင်ထက် နှစ်ဆကျော် ပိုများမည်ဟုဆိုသည်။

အင်ဂါရေအားလျှပ်စစ် ဆည်တမံစီမံကိန်းကို (ယာပုံ) အကောင်အထည်ဖော် တည်ဆောက်ပြီးပါက အာဖရိကတိုက်ရှိ လျှပ်စစ်မီးမရကြသော ပြည်သူသန်း ၅၀၀ခန့် လျှပ်စစ်မီးရရှိနိုင်မည်ဟု ဆိုသည်။

ယင်းစီမံကိန်းကို ၂၀၁၄ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စွမ်းအင်ကောင်စီက လိုအပ်သည့် အမေရိကန်ဒေါ်လာဘီလီယံ၈၀ရရှိရေး တိုက်တွန်းဆော်ဩလျက်ရှိကြောင်း သိရသည်။ အင်ဂါရေအားလျှပ်စစ်စီမံကိန်းသည် ကွန်ဂိုမြစ်ပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ပြည့်နှစ်မှ ၂၀၂၅ခုနှစ်အတွင်း စက်ရုံစတင်လည်ပတ်မည်ဟု မျှော်လင့်ရသည်။

တည်ဆောက်မည့် ယင်းရေအားလျှပ်စစ် စီမံကိန်းဆည်မှာ အမြင့်၂၀၅ မီတာ၊ ရေလှောင်တမံအလျား ၁၅ကီလိုမီတာရှိပြီး နှစ်စဉ်လျှပ်စစ်နာရီ တာရာဝပ် ၃၂၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းပြောကြားသည်။

(အင်တာနက်)

23-4 (06).pmd 1 4/23/2008, 12:32 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ် ပထမအကျော့အကြိုဗိုလ်လုပွဲ မန်ယူနှင့်ဘာကာ နူးကင့်မ်မှာ ဆုံပြီ

လန်ဒန် ဧပြီ ၂၂

ဘာစီလိုနာအသင်းနှင့် မန်ယူတို့သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၂၃ရက်(**ယနေ့**)တွင် ဘာစီလိုနာကွင်း နူးကင့်မ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘာကာနှင့် မန်ယူတို့သည် ချန်ပီယံလိဂ် ပြိုင်ပွဲများတွင် ခုနစ်ကြိမ်တိုင် ဆုံတွေ့ခဲ့ကြသည်။ နှစ်သင်းစလုံး နှစ်ကြိမ်နိုင်၊ သုံးကြိမ် သရေကျခဲ့သည်။ ၎င်းနှစ်သင်းသည် ၁၉၉၈-၁၉၉၉ဘောလုံးရာသီ၌ နောက်ဆုံးနှစ်ပွဲ ဆုံတွေ့ခဲ့သည်။

ပါဝင်

မန်ချက်စတာယူနိုက်တက်အသင်း၌ လက်ရှိကစားနေသော ဂယ်ရီနဗီးလ်၊ ရှိုင်ယန်ဂစ်၊ ပေါလ်စခိုးနှင့် ဝက်စ်ဘရောင်းတို့သည် ၁၉၉၉ခုနှစ်က မန်ယူချန်ပီယံလိဂ်ကစားရာတွင် ပါဝင်ကစားခဲ့ကြသူများဖြစ်သည်။ ဘာကာတွင် ဇာဗီတစ်ဦးသာ လက်ရှိကစားနေသောအသင်း၌ ပါဝင်သည်။

ဘာစီလိုနာအသင်းသည်ချန်ပီယံလိဂ်ဖလားကို ၁၉၉၂ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် နှစ်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းကလပ်သည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ ၂၃ကြိမ်မြောက်အဖြစ် ကစားမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဥရောပချန်ပီယံလိဂ်ဖလားကို ၁၉၆၇-၁၉၆၈၊ ၁၉၉၀-၁၉၉၁နှင့် ၁၉၉၈-၁၉၉၉ ဘောလုံးရာသီများတွင် ဆွတ်ခူးနိုင်ခဲ့သည်။ မန်ယူတို့ ဥရောပချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ ယခုနှစ် တက်ရောက်နိုင်ခြင်းသည် ၁၃ကြိမ်မြောက် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းသည် ၁၆သင်းအုပ်စုပြိုင်ပွဲ၌ လီဗာပူးကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ မန်ယူက အကြိုဗိုလ်လုပွဲတွင် အေစီမီလန်ကို ရှုံးနိမ့်ပြီးပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ဘာစီလိုနာနှင့် မန်ယူတို့သည် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရှုံးပွဲမရှိသည့် အသင်းများဖြစ်သည်။

ဘာစီလိုနာအသင်းကို တိုက်စစ်မှူးမက်ဆီက ဦးဆောင်ကစားဖွယ်ရှိသည်။ သို့သော်လည်း မက်ဆီ၊ တိုရေး၊ ရာဖေးလ်မာကွတ်ဇ်၊ ဂါဘရီရယ်မီလ်တို တို့သည် အဝါကတ်တစ်ကတ်စီ ရရှိထားသည်။ မန်ယူတွင်လည်း နာနီ၊ အီဗရာတို့ အဝါကတ် တစ်ကတ်စီ ရရှိထားကြသည်။

ပွဲအများဆုံး

ပွေယိုးနှင့်ဇာဗီတို့သည် ဘာစီလိုနာအသင်းအတွက် ချန်ပီယံလိဂ်ပွဲ ၇၄ ပွဲမြောက်အဖြစ် ပါဝင်ကစားကြမည်ဖြစ်သည်။ ၎င်းတို့သည် ဘာစီလိုနာအသင်းတွင် ပွဲအများဆုံးကစားခဲ့ကြသူများဖြစ်သည်။

ထို့အတူ ဂယ်ရီနဗီးလ်နှင့် ပေါလ်စခိုး တို့သည်လည်း မန်ယူအသင်းအတွက် ချန်ပီယံလိဂ်ပွဲပေါင်း ၁၀၀ပြည့်အဖြစ် ပါဝင်ကစားကြမည်ဖြစ်သည်။ နဗီးလ်သည် ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၃ရက်က ဂုတ်တင်ဘတ်၌ ပထမဆုံးချန်ပီယံလိဂ် ပြိုင်ပွဲအဖြစ် ပါဝင်ကစားခဲ့သည်။ ပေါလ်စခိုးသည် ၁၉၉၄ ခုနှစ် အောက်တိုဘာလတွင် ဘာစီလိုနာနှင့်ကစားစဉ် ပထမဆုံးချန်ပီယံလိဂ်ပွဲအဖြစ် ပါဝင်ကစားခဲ့သည်။

ဘာစီလိုနာ

ဘာစီလိုနာအသင်းတွင် ပွေယိုး၊ မက်ဆီ၊ ဂွတ်ဂျွန်ဆင်၊ဇမ်ဘရော့တာ၊ ဇာဗီ၊ အွန်နရီ စသောနာမည်ကြီး ကစားသမားများက အသင်းကို ဦးဆောင်ကစားကြမည် ဖြစ်သည်။

မန်ယူ

ထို့အတူ မန်ယူအသင်းတွင် စီရိုနယ်ဒို၊ ရွန်နေ၊ တီဗက်ဇ်၊ ပေါလ်စခိုး၊ နဗီးလ်၊ ရှိုင်ယန်ဂစ်၊ ဘရောင်း၊ ဖာဒီနန်၊ အိုဝင်ဟားဂရေဗ့်စသော မန်ယူအကျော်အမော် ကစားသမားများ ပါဝင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံ

အိုင်ဘီအက်ဖ် လက်ဖ် ဟဲဗီးဝိတ် ချန်ပီယံ အန်တိုနီယို တာဇာအား ချန်ပီယံ ခါးပတ်နှင့် အတူ တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ

အိုင်ဘီအက်ဖ်လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ ကာကွယ်ပွဲ အန်တိုနီရိုတာဇာနှင့် စိန်ခေါ်သူ ဂျိုးကယ်ဇာချီတို့ ထိုးသတ်မည်

ဝါရှင်တန် ဧပြီ ၂၂

နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံအန်တိုနီရိုတာဇာက စိန်ခေါ်သူဂျိုးကယ်ဇာချီနှင့် ထိုးသတ်မည်ဖြစ်ကြောင်း နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်က ဧပြီ ၂၂ရက်၌ သတင်းထုတ် ပြန်လိုက်သည်။

စိန်ခေါ်ထိုးသတ်

ဂျိုးကယ်ဇာချီသည် အိုင်ဘီအက်ဖ် လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး ယခုအခါချန်ပီယံသရဖူကို ပြန်လည်သိမ်းပိုက်ရန် အန်တိုနီရိုတာဇာအား စိန်ခေါ်ထိုးသတ်မည် ဖြစ်သည်။

ဂျိုးကယ်ဇာချီသည် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ကြောင်း၊ မိမိသေသေချာချာပြင်ဆင်လေ့ကျင့်ရမည်ဖြစ်ကြောင်း အသက် ၃၉ နှစ်အရွယ်ရှိ အမေရိကန်လက်ဝှေ့သမား အန်တိုနီရိုတာဇာက ပြောကြားသည်။

စီစဉ်ထား

ဂျိုးကယ်ဇာချီနှင့် အန်တိုနီရိုတာဇာတို့၏ လက်ဝှေ့ထိုးသတ်ပွဲကို လာမည့် မေလဆန်း၌ ကျင်းပရန် လက်ဝှေ့ပွဲသွင်းသူများက စီစဉ်ထားသည်။ စိန်ခေါ်သူ ဂျိုးကယ်ဇာချီသည် အသက် ၃၆နှစ်အရွယ်ရှိပြီ ဖြစ်သည်။ **(အင်တာနက်)**

ရုရှားနည်းပြ ဟစ်ဒင့်ခ် ချယ်ဆီးလ်နည်းပြဖြစ်ရန် ကြိုးစားနေ

လန်ဒန် ဧပြီ ၂၂

ရုရှားနည်းပြ ဟစ်ဒင့်ခ်သည် ချယ်လ်ဆီးအသင်းနည်းပြ ဂရန့်၏ နည်းပြတာဝန်ကို လွှဲပြောင်းယူရန် ချယ်လ်ဆီးအသင်းနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ပြောကြား

သို့သော်လည်း ၎င်း၏အေးဂျင့်က ပြောကြားရာတွင် ဟစ်ဒင့်ခ်သည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန်အခွင့်အလမ်းမရှိကြောင်း၊ ၎င်းသည်ရုရှားအသင်းနှင့် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားပွဲအထိ စာချုပ်ထားပြီဖြစ်ကြောင်း ဟစ်ဒင့်ခ်အနေဖြင့် ရုရှားအသင်း၌သာ ဘောလုံးနည်းပြဘဝကို ကုန်ဆုံးစေလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ချယ်လ်ဆီးနည်းပြဂရန့်သည် ဖေဖော်ဝါရီလက ကာလင်းဖလားဗိုလ်လုပွဲတွင် တော့တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဆက်လုပ်ရေးကိစ္စမှာ မရေမရာဖြစ်ခဲ့ရသည်။

အဆက်အသွယ်ပြုလုပ်

ဟစ်ဒင့်ခ်သည် ရုရှားအသင်းနည်းပြတာဝန်ကို ၂၀၀၆ခုနှစ် နွေရာသီမှစ၍ ယူခဲ့ပြီး ရုရှားအသင်းအား ယူရို ၂၀၀၈ ခြေစစ်ပွဲများအောင်ရန် ကိုင်တွယ်ပေးခဲ့သူဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန် မကြာခဏအဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

စာချုပ်သစ် ချုပ်ဆို

အသက် ၆၁နှစ်ရှိပြီဖြစ်သော ဟစ်ဒင့်စ်သည် ရုရှားအသင်းနှင့် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားအထိ ပြီးခဲ့သည့်မတ်လက စာချုပ်သစ် ချုပ်ဆိုထားသည်။

(အင်တာနက်)

ပြိုင်ပွဲဝင်

လူငယ်စနူကာ ကစားသမား စတုဘင်ဟမ်၏ ပြိုင်ပွဲဝင် ကစားဟန်ကို ဤသို့ တွေ့ရသည်။

(အင်တာနက် ဓာတ်ပုံ)

ကမ္ဘာ့စနူကာချန်ပီယံပြိုင်ပွဲ ကျင်းပ လက်ရှိချန်ပီယံဒေးဗစ် ရှုံးနိမ့်

ရှက်ဖ်ဖီး ဧပြီ ၂၂

ကမ္ဘာ့စနူကာချန်ပီယံပြိုင်ပွဲကို ဗြိတိန်နိုင်ငံရှက်ဖ်ဖီးမြို့၌ ဧပြီ ၁၉ရက်မှ မေ ၅ရက်အထိ ကျင်းပလျက်ရှိရာ ဧပြီ ၂၁ရက်က ယှဉ်ပြိုင်သော အမျိုးသားစနူကာပြိုင်ပွဲ ပထမအဆင့် ပတ်လည်ပြိုင်ပွဲ၌ စတုဘင်ဟမ်က စတီဒေးဗစ်ကို ၁၀-၈ဖြင့် အနိုင်ရရှိခဲ့သည်။

ဆွတ်ခူး

စတီဒေးဗစ်သည် ကမ္ဘာ့အမျိုးသားစနူကာချန်ပီယံအဖြစ် ခြောက်ကြိမ် ဆွတ်ခူးထားသူဖြစ်သည်။ အသက် ၅၀အရွယ်ရှိ စတီဒေးဗစ်က ယခုပွဲ၌ မိမိအနေဖြင့် စိုးရိမ်မှုများခဲ့သဖြင့် လွဲချော်မှုများရှိခဲ့ကြောင်း ပြောကြားသည်။

ပြောကြား

ယခုပွဲ၌ ဒေးဗစ်အပေါ် အနိုင်ရရှိခဲ့သည့် စတုဘင်ဟမ်က ဒေးဗစ်သည် အလွန်တော်သော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ မိမိခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း ပြောကြားသည်။

(အင်တာနက်)

ချာလ်တန်သို့ အငှားချထားသော ရက်ဒင်းတိုက်စစ်မှူးအား ပြန်ခေါ်ယူ

လန်ဒန် ဧပြီ ၂၂

ချာလ်တန်အသင်းသို့ အငှားချထားသော လီရှိုင်းလီတာအား ရက်ဒင်းအသင်းက ပြန်ခေါ်တော့မည်ဖြစ်ကြောင်း နည်းပြစတိဗ်ကော့ပဲလ်က ပြောကြားသည်။

ရက်ဒင်းအသင်းသည် တန်းဆင်းဇုန် အထက်တစ်မှတ်အသာဖြင့်ရှိနေသည်။ လွန်ခဲ့သော လေးပွဲတွင် တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ပေ။

အားလျော့ နည်းခဲ့

လီတာအားရက်ဒင်းအသင်းက ချာလ်တန်အသင်းသို့ တစ်လအငှားချထားခဲ့သည်။ ရက်ဒင်းအသင်း၌ အဓိကအားထားရသော တိုက်စစ်မှူးလီတာမရှိ၍ ဂိုးသွင်းအားလျော့နည်းခဲ့ရသည်။

ရက်ဒင်းအသင်း တန်းဆင်းဇုန်မကျရောက်ရေး အချိန်မီကယ်တင်နိုင်ရန် တိုက်စစ်မှူး လီတာအား ပြန်လည်ခေါ်ယူခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗြိတိသျှ တင်းနစ် အကျော် အမော် အင် ဒီ မာရေး။

(အင်တာနက် ဓာတ်ပုံ

မွန်တီကာလိုဖလားအဖွင့်ပွဲ အင်ဒီမာရေးအနိုင်ရရှိ

မိုနာကို ဧပြီ ၂၂

ဗြိတိသျှနာမည်ကြီးတင်းနစ် ကစားသမား အင်ဒီမာရေးသည် ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ ကျင်းပသောမွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် စပိန်မှ လိုပက်ဇ်အား ၇-၆၊ ၇-၅၊ ၆-၄ဖြင့် စတင်အနိုင်ရရှိခဲ့သည်။ မာရေးသည် လာမည့်ပြိုင်ပွဲတွင် ပြင်သစ်မှ နီကိုလတ် မာဟွတ်ကိုအနိုင်ရပြီး တက်လာသော ဗိုလန်ဒရီနှင့် ကစားရမည် ဖြစ်သည်။

အနားယူမည်

မွန်တီကာလိုဖလား နှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသော ကူယာတန်သည် အီဗန် အယ်ဂျူဗီဆစ်ကို ၆-၁၊ ၆-၂ဖြင့်ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမားဟောင်း ကူယာတန်သည် လွန်ခဲ့သောသုံးနှစ်အတွင်း ဒဏ်ရာရရှိထား၍ ၁၄ပွဲသာ ကစားနိုင်ခဲ့သည်။ ၎င်းသည် ယခုနှစ် ပြင်သစ်အိုးပင်း ပြိုင်ပွဲပြီးလျှင် တင်းနစ်လောကမှ အနားယူမည်ဟု ဆိုသည်။

(အင်တာနက်)

တောင်အာဖရိက အသင်းနည်းပြအဖြစ်မှ ပရဲယားနုတ်ထွက်တော့မည်

ကိတ်တောင်း ဧပြီ ၂၂

တောင်အာဖရိကအသင်း နည်းပြကားလို့စ်အယ်ဘာတိုပရဲယား(ယာပုံ)က အသင်းနည်းပြအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဧပြီ ၂၁ရက်က ပြောကြားလိုက်သည်။

ပြောကြား

မိမိအနေဖြင့် ကျန်းမာရေးမကောင်းဖြစ်နေသော ဇနီးသည်နှင့်အတူ ဘရာဇီးသို့ ပြန်မည်ဖြစ်ကြောင်း၊ မိသားစု၌ မိမိကိုလိုအပ်လျက်ရှိကြောင်း ပရဲယားက ပြောကြားသည်။ ပရဲယား၏ နုတ်ထွက်မှုသည် မေ ၂၃ရက်၌ စတင်မည်ဖြစ်သည်။

အသက် ၆၅နှစ်အရွယ်ရှိ ပရဲယားသည် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်တောင်အာဖရိကအသင်းကို ပြင်ဆင်ဖွဲ့စည်းလေ့ကျင့်ပေးနေသူဖြစ်သည်။ တောင်အာဖရိကအသင်းသည် ပြီးခဲ့သည့်လက ပါရာဂွေးအသင်းနှင့် ချစ်ကြည်ရေးပွဲအဖြစ် ကစားရာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

ချိုင်းနားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ အိုင်ယာလန်သား မက်ဂရိန်းဖလားဆွတ်ခူး

ပေကျင်း ဧပြီ ၂၂

အိုင်ယာလန်ဂေါက်သီးအကျော်အမော် မက်ဂရိန်း(**ယာပုံ**)သည် ချိုင်းနားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကိုးချက်အသာဖြင့် ကစားပြီး ပထမဆုံးသော ယူရိုပီယံတိုးဖလားကို ဆွတ်ခူးသွားပြီဖြစ်သည်။

ဦးဆောင်နိုင်ခဲ့

မက်ဂရိန်းသည် နောက်ဆုံးရက်ကစားမည့်အချိန်တွင် ပြိုင်ဘက်များကို ရိုက်ချက်သုံးချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ၎င်းသည် လေးရက်ကစားရာတွင် စုစုပေါင်းရိုက်ချက် ၂၇၈ချက်ရိုက်နိုင်ခဲ့ပြီး ၁၀ချက်လျှော့ရိုက်ခဲ့သည်။

အင်္ဂလိပ်ဂေါက်သီးကစားသမားများဖြစ်ကြသည့် ဆီမွန်ဂရစ်ဖစ်နှင့် ဝီလ်ဆင်တို့သည် ပြင်သစ်မှလော်ရင်ဂိုဗီရာနှင့်အတူတစ်ချက်စီသာ လျှော့ရိုက်နိုင်ခဲ့၍ ဒုတိယဆုကို ခွဲဝေယူခဲ့ရသည်။

ဆုကြေး

အသက် ၃၇နှစ်ရှိ မက်ဂရိန်းသည် ပြိုင်ပွဲတွင် အနိုင်ရခဲ့၍ ဆုကြေးငွေ ပေါင် ၁၈၃၅၀၀ ဆွတ်ခူးသွားသည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့ စုစည်းသည်။

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ကုန်ကြမ်းလုံလောက်စွာ ရရှိနေရုံမျှဖြင့် ဆောင်ရွက်၍မရဘဲ ၂၄ နာရီ ပတ်လုံး လျှပ်စစ်ဓာတ်အား ရရှိနိုင်မှသာ ကုန်ထုတ်လုပ်ငန်း စွမ်းအားပြည့် လည်ပတ်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးသည်လည်း ယခုထက် ပိုမို တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။

တန်ဖိုးဖြတ်၍မရနိုင်သော မြစ်ချောင်းများမှ သဘာဝရေအရင်းအမြစ်ကို အသုံးချ၍ ရေအားလျှပ်စစ်အမြောက်အမြား ထုတ်လုပ်နိုင်သော်လည်း ရေအားလျှပ်စစ်စက်ရုံများသည် ရေအဝင်နှုန်း ကောင်းမွန်သည့် မိုးရာသီအစမှ မိုးနှောင်းကာလပိုင်းအထိသာ ဓာတ်အားများ ကောင်းမွန်စွာပေးနိုင်ပါသည်။ လျှပ်စစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေ ပေးဝေရေး တွဲဖက်အသုံးပြုနေသော ဆည်များ၌ မိုးရာသီကာလတွင် စုဆောင်းထားသောရေကို နွေရာသီတွင် နွေစဉ်စိုက်ပျိုးရေးအတွက် ရေပေးဝေရသဖြင့် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ပိုမိုလျော့နည်း ကျဆင်းလာသည့်အတွက် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိဟု သိရသည်။

(Non-storability)။ ထို့အတူ ဓာတ်အားသုံးစွဲမှု ပမာဏမှာ အချိန်နှင့်အမျှ ပြောင်းလဲနေခြင်း (Continuous Demand Variation) ဖြစ်ပေါ်နေသဖြင့် အချိန်စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော သုံးစွဲမှုပမာဏ အတိုင်း ဓာတ်အားပေးစက်များ၏ထုတ်လုပ်မှုကို လိုက်ပါပြောင်းလဲပေးနေရသည်။

ဓာတ်အားထုတ်လုပ်မှုပမာဏသည် သုံးစွဲမှုပမာဏနှင့် ကိုက်ညီရပါသည် (Supply & Demand Equilibrium)။ သို့ပါ၍ သုံးစွဲသူ လိုအပ်သမျှ ပမာဏကို အချိန်နှင့်အမျှ အတိအကျ ဖြည့်ဆည်းနိုင်ရန် ဓာတ်အားပို့လွှတ်ဖြန့်ဝေရသူအနေဖြင့် ထုတ်လုပ်ပေးသူကို စဉ်ဆက်မပြတ် ညှိနှိုင်းတောင်းခံ ဆောင်ရွက်ရပါသည်။

ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက် အင်အားထက် သုံးစွဲမှု အင်အားက ပိုလာသောအခါတွင် ဓာတ်အားစနစ်တစ်ခုလုံး၌ တစ်စက္ကန့် အတွင်းရှိရမည့် သတ်မှတ်ထားသော လျှပ်စစ်လှိုင်းအရေအတွက် ကြိမ်နှုန်း ဖရီကွင်စီ (Frequency) ကျဆင်းမှုများနှင့်အတူ ဗို့အားကျဆင်းမှုပါ ဖြစ်ပေါ်လာပါသည်။ မြန်မာ့လျှပ်စစ် လက်စွဲအရ အများပြည်သူသုံး ဗို့အား (၂၃၀)ဗို့တွင် အတက်အကျ (± ၅ %)သာ ခွင့်ပြုသကဲ့သို့ ကြိမ်နှုန်း(Frequency) တွင်လည်း အတက်အကျ (± ၂ %)သာ ခွင့်ပြုပါ

တိုးတက်ထုတ်လုပ်ပေးနိုင်ရန်အတွက် အမြင့်ဆုံးဝန်အားထက် ၁၀% ခန့် ပိုမိုထုတ်လုပ်နိုင်အောင် မောင်းနှင်ထားသော ဓာတ်အားပေးစက်များကို ဝန်အား အပြည့်မဆွဲဘဲ မောင်းနှင်ဆဲစက်များမှ ထပ်မံ ထုတ်လုပ်နိုင်မှု အရန်အင်အား (Spinning Reserve) အဖြစ် ထားလေ့ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဝန်အားနည်းသည့်အချိန်၌ မောင်းနှင်ဆဲစက်များမှ ထပ်မံ ထုတ်လုပ်နိုင်မှု (Spinning Reserve) ထားရှိနိုင်သော်လည်း ဝန်အား အများဆုံးအသုံးပြုချိန်တွင် စက်အင်အား အပိုမရှိတော့သဖြင့် ဝန်အားလျှော့ (Load Shedding) စနစ်ကိုသာ ကျင့်သုံးနေရသည်ဟု သိရသည်။

လက်ရှိ မောင်းနှင် ဓာတ်အားပေးထားသော ဓာတ်အားပေးစက် တစ်လုံးလုံးသည် အချိန်မရွေး စက်ချွတ်ယွင်းမှုဖြစ်ပေါ်ပြီး ကြီးမားဆိုးရွားသည့် ပျက်စီးမှုမှရှောင်ရှားနိုင်ရန် စက်ကိုချက်ချင်းရပ်လိုက်ရမည်ဖြစ်သည်။ ထိုအချိန်တွင် ဓာတ်အားထုတ်လုပ်နိုင်မှု ရုတ်ခြည်း လျော့ကျသွားမည်ဖြစ်၍ အခြေအနေကို ထိန်းသိမ်းနိုင်ရန် နောက်ထပ်စက်အရန်တစ်လုံးကို ချက်ချင်း အစားထိုးမောင်းနှင်နိုင်ရန် လိုအပ်ပါသည်။ ၎င်းကို မောင်းနှင်ရန်အသင့် အရန် (Cold Reserve) ဟုခေါ်ဆိုပြီး မောင်းနှင်ရန်အသင့် အရန် (Cold Reserve) ပမာဏသည် မောင်းထားသောစက်များထဲမှ အကြီးဆုံး စက်တစ်လုံးစာ ပမာဏရှိရန်လိုသည်ဟု သိရသည်။

လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများ၏ အသုံးပြုပစ္စည်းစံနှုန်းကွာခြားမှု

ဓာတ်အားစနစ်သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသော ပြည်သူလူထုကို လည်းကောင်း၊ ဓာတ်အားသုံးစွဲပုံ သဘာဝ ကွဲပြားခြားနားသော စက်မှုလုပ်ငန်းများကိုလည်းကောင်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဓာတ်အားပေးရသဖြင့် ဓာတ်အား အရည်အသွေးကို သုံးစွဲသူအားလုံး ရာခိုင်နှုန်းပြည့် ကျေနပ်စွာ ရရှိနိုင်အောင် စီစဉ်ရန် မလွယ်ပါ။ ဥပမာအားဖြင့် ထရန်စဖော်မာ တစ်လုံးတည်းမှ ပြိုင်တူ ဓာတ်အားသုံးနေသူ နှစ်ဦးအနက် တစ်ဦးက ၎င်း၏စက်ရုံတွင် တရုတ်နိုင်ငံလုပ်မော်တာများ အသုံးပြုထားသဖြင့် (၃၈၀)ဗို့ထက် ဗို့အားပိုမတက်စေရန် တောင်းဆိုပြီး အခြားတစ်ဦး ဦးက ၎င်း၏စက်ရုံတွင် ဥရောပလုပ် (၄၄၀)ဗို့ မော်တာများ အသုံးပြုထား၍ အနည်းဆုံးဗို့(၄၂၀)ရရှိအောင် ပြုလုပ်ပေးရန်တောင်းဆိုပါလျှင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် ထိုဓာတ်အားသုံးစွဲသူ နှစ်ဦး စလုံးကို တစ်ပြိုင်နက် ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အများပြည်သူဓာတ်အားသုံးစွဲရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးထားသော ဗို့အားမှာ သုံးသွင် (Three Phase)တွင် ဗို့(၄၀၀)ဖြစ်ပြီး တစ်သွင် (Single Phase) တွင် ဗို့(၂၃၀)သာ ဖြစ်ပါသည်။ Frequency သည်လည်း 50 Hertz ဖြစ်ပါသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးထားသော ဗို့အား၊ Frequency တို့နှင့် ကိုက်ညီသော လျှပ်စစ်ပစ္စည်းများကိုသာ ဓာတ်အား သုံးစွဲသူများက ဝယ်ယူသုံးစွဲသင့်ပေသည်။

ဗို့အားတည်ငြိမ်မှုနှင့် မီးသုံးစွဲမှုသဘာဝ ဆက်စပ်နေပုံ

အများပြည်သူသုံး ဗို့အားကို အထက်ပါ သတ်မှတ်ချက်အတွင်း ရောက်ရှိစေရန် ထရန်စဖော်မာရှိ ဗို့အားညှိ ခလုတ် (Transformer Tapping) များကို ချိန်ညှိအသုံးပြုခြင်း၊ ဓာတ်ကြိုးအရွယ်အစား အကြီး၊ အသေး လဲပေးခြင်း၊ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် ဗို့အားတည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်စေသော လျှပ်စစ်ဖြင့် ဂဟေဆက်ခြင်း (Electric Welding) လုပ်ငန်း၊ ဗို့အားသာမက Frequency ကိုပါ တည်ငြိမ်စွာထား၍မရအောင် အကျိုးသက်ရောက်စေသော လျှပ်စစ်သုံး သံရည်ကျိုလုပ်ငန်းများ (Electric Arc Furnace)၊ ဗို့အားနှင့် Frequency ကို တိကျတည်ငြိမ်စွာ လိုအပ်သော Computer Center များ၊ Radar နှင့် Electronic Control စက်မှုလုပ်ငန်းများကိုလည်း ပြိုင်တူ ဓာတ်အားပေးထားရပါသည်။

ထို့ကြောင့် ဗို့အားနှင့် Frequency တည်ငြိမ်မှု ပျက်ပြားစေသော လျှပ်စစ်သုံး သံရည်ကျိုလုပ်ငန်း (Electric Arc Furnace) များကြောင့် ဓာတ်အားစနစ် တစ်ခုလုံးရှိ ပြည်သူလူထု အနှောင့်အယှက်မဖြစ်စေရန် မီးများကို မှိတ်တုတ်မှိတ်တုတ်ဖြစ်မှုမှ ကာကွယ်ပေးသော ကိရိယာ (Anti-Flickering Device)နှင့် ဗို့အားကို တည်ငြိမ်စေသည့်ပစ္စည်း (Capacitor) များကို သံရည်ကျိုစက်ရုံကြီးများတွင် ၎င်းတို့ အစီအစဉ်ဖြင့် တပ်ဆင်အသုံးပြုရန် ညှိနှိုင်းရသကဲ့သို့ ဓာတ်အားတည်ငြိမ်စွာ အသုံးပြုလိုသူများကလည်း ဗို့အားကို တည်ငြိမ်စွာ ထုတ်ပေးပြီး ၁၀မိနစ်ခန့် ဓာတ်အား ပြတ်တောက်ခြင်းကို ခံနိုင်ရည်ရှိကြသော မီးပြတ်တောက်မှု ထိန်းထားပေးနိုင်သည့် ပစ္စည်း (Uninterruptible Power Supply-UPS) များကို မိမိ၏အိမ်၊ စက်ရုံများ၌ တပ်ဆင်ထားကြရန် လိုအပ်သည်ဟု သိရပါသည်။

နောင်တွင် ဓာတ်အားဆက်သွယ်သုံးစွဲလိုသည့် လိုအပ်ချက်ကို ကြိုတင်ညှိနှိုင်းရန်

နိုင်ငံတော်အတွင်း စဉ်ဆက်မပြတ် ဓာတ်အားအပြည့်အဝပေးနိုင်ရေး အတွက် ဓာတ်အားပေးစက် တိုးချဲ့တည်ဆောက်ရန် လျာထားချက်သည် အများဆုံးဓာတ်အား လိုအပ်ချက် ခန့်မှန်းမှုအပေါ် မူတည်ကြောင်းနှင့်



ရွာမ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ

လက်ရှိအခြေအနေတွင် ယင်းကာလ၌ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေအပေါ်မူတည်၍ ကုန်ထုတ်စက်ရုံများ၊ ထုတ်လုပ်မှုစွမ်းအား လျော့နည်းကျဆင်းမှု မဖြစ်ပေါ်စေရေးအတွက် နေ့ခင်းပိုင်းတွင် စက်မှုလုပ်ငန်းများကို ဦးစားပေး၍လည်းကောင်း၊ ညပိုင်းတွင် အများပြည်သူသုံးကို ဦးစားပေး၍လည်းကောင်း အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးသောစနစ်ကို အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်း ပေးလျက်ရှိသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရည်မှန်းချက်တာဝန် (၉)ရပ်အနက်မှ တစ်ရပ်ဖြစ်သော ရေအားလျှပ်စစ်ကို အခြေခံစွမ်းအင် အဖြစ်သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို အကူစွမ်းအင် အဖြစ် အသုံးပြုရန် လျာထားသည်နှင့်အညီ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လျော့နည်းလာချိန်တွင် အကူစွမ်းအင်ဖြစ်သည့် သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို ပိုမိုတိုးတက်ထုတ်လုပ်ဖြည့်ဆည်းရန် လိုအပ်လာပါသည်။

အခြားထုတ်ကုန်ပစ္စည်းများနှင့် မတူညီသော လျှပ်စစ်ထုတ်ကုန်၏သဘာဝ

လျှပ်စစ်၏ ထူးခြားသောသဘာဝတစ်ခုမှာ အခြားထုတ်ကုန်ပစ္စည်း များကဲ့သို့ ကြိုတင်ထုတ်လုပ်ပြီး အမြောက်အမြားသိုလှောင်ထား၍မရပါ

သည်။ သို့ပါ၍ လိုက်နာရန် နည်းဥပဒေ (Manual) အရ Frequency ကို သတ်မှတ်ပမာဏအတွင်း ရှိစေရန် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဓာတ်အားစနစ်အား ၂၄ နာရီ မောင်းနှင်ကွပ်ကဲနေသော ဓာတ်အား ကွပ်ကဲရေးဌာနက ဖရီကွင်စီကျ၍ ဝန်အားလျှော့ရခြင်း (Frequency Load-Shedding) အလုပ်ကို ဓာတ်အားသုံးစွဲသူ အချို့အား ယာယီ ဓာတ်အားဖြတ်တောက်မှု ချက်ချင်းပြုလုပ်၍ ကုစားကြရသည်။

အကယ်၍ ချက်ချင်း ယာယီဓာတ်အားဖြတ်၍ ထုတ်လုပ်နိုင်မှုထက် များနေသော သုံးစွဲမှုပမာဏကို လျှော့ချခြင်းမပြုလုပ်ပါက ဓာတ်အားပေး စက်များ၏(Speed) ဆက်လက်ကျဆင်းပြီး ဓာတ်အားစနစ်အတွင်းမှ ဓာတ်အားပေးစက်များ တစ်လုံးပြီးတစ်လုံး အလိုအလျောက်ရပ်သွားကာ မဟာဓာတ်အားလိုင်းနယ်မြေတစ်ခုလုံး၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံး နီးပါး ဓာတ်အားပြတ်တောက်သွားမည် ဖြစ်ပါသည်။ ထိုသို့ တစ်နိုင်ငံလုံး ဓာတ်အား ပြတ်တောက်ခြင်း မဖြစ်စေရန် အလို့ငှာ ဧရိယာအချို့ကို မလွှဲမရှောင်သာ ယာယီဓာတ်အားဖြတ်၍ ဓာတ်အားစနစ်ကို ထိန်းသိမ်း မောင်းနှင်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဤကဲ့သို့ အခြေအနေများ မပေါ်ပေါက်စေရန် နိုင်ငံတကာတွင် ဓာတ်အားသုံးစွဲသည့် ပမာဏ ရုတ်တရက်တက်လာပါက ဓာတ်အား

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းမျ
တည်ဆောက်ရသည့် ကာလမှာလည်း အခု
သောက် ချက်ချင်းပြီးမြောက်နိုင်သည့် ကိစ္စမ
ကဏ္ဍမှဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကဏ္ဍမှဖြစ်စေ
အစည်းနှင့် ပုဂ္ဂိုလ်အသီးသီးတို့က မည်သည့်
နေရာဒေသ၌ ဓာတ်အားမည်မျှ ရယူသုံးစွဲလို
ညှိနှိုင်းကြရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်
သည် ပကတိလိုအပ်ချက်နှင့် အနီးစပ်ဆုံးရနိုင်

လျှပ်စစ်ဥပဒေ

လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲကြရာ
လိုက်နာရမည့်တာဝန်နှင့် ရှောင်ရန်တားမြစ်
ခြင်းကြောင့် နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများ
အရေးယူ ဆောင်ရွက်ရမည်ဖြစ်ရာ လျှပ်စစ်ဥပဒေ
ဖော်ပြအပ်ပါသည်-

ပုဒ်မ ၃၀။ မည်သူမဆိုအောက်ပါတစ်ရပ်ရပ်
အရဖြစ်စေ၊ အခြားတည်ဆဲဥပ
တရားစွဲဆိုခြင်း ခံရမည့်အပြင် ပ
ပစ္စည်းကိရိယာ၏ ကာလတန်ဖိုး
ကြောင့် ဖြစ်ပေါ်သော နစ်နာ
လုပ်နည်းအရ သတ်မှတ်ထားသ
နိုင်ငံပိုင်အဖွဲ့အစည်းသို့ လျော်ကြေ

(က) နိုင်ငံတော်ပိုင်လျှပ်စစ်ပစ္စ
ခြင်း။

(ခ) နိုင်ငံတော်ပိုင်လျှပ်စစ်ပစ္စည်
ရာ နိုင်ငံတော်ပိုင်အဖွဲ့အစ
အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့

(ဂ) လျှပ်စစ်ဓာတ်အားကို ခိုး

(ဃ) သက်ဆိုင်ရာ နိုင်ငံတော်ပိုင်
မရရှိဘဲ လျှပ်စစ်ဓာတ်အ
အသုံးပြုခြင်း။

(င) အထွေထွေအိမ်သုံးမီတာ
ပါဝါမီတာမှတစ်ဆင့် သ
လုပ်ငန်းအတွက် လျှပ်စစ်

(စ) စက်မှုလက်မှုသုံး ပါဝါမီ
ကျော်လွန်အသုံးပြု၍ လျှပ်စ

ပုဒ်မ ၃၁ (က) ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)နှင့်
သည့် လျော်ကြေးငွေများ
ဖြစ်ဘိသကဲ့သို့ အရတော

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စအလို့ငှ
က တာဝန်ပေးအပ်ခြင်းခံ
များအရ ကောလိပ်တော်အ
ကျင့်သုံးဆောင်ရွက်ခွင့် ရှ

နိုင်ငံတစ်ဝန်းလုံးတွင် လောလောဆယ် ဓ
စုပေါင်း ၁ဒသမ ၆ သန်းကျော် ရှိကြောင်း သိ
နိုင်ငံတွင်လည်း ရေနံဆီမီးဖိုများ အသုံးမပြုကြ
တွင်ကျယ်စွာ အသုံးပြုလာကြပါသည်။ လျှပ်
အားဖြင့် ဝပ် ၁၂၀၀ ရှိပါသည်။ ဓာတ်အားစ
အသုံးပြုချိန်သည် နံနက် အိပ်ရာထချိန်မှ အ
ဖြစ်ပြီး ညနေပိုင်းတွင်လည်း အလုပ်ဆင်းပြီး ဉ
ချိန်ဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးဖိုများ၏
မှာ သိသာပါသည်။ ဝပ်(၄၀) မီးလုံးထက် အဆ

ယခင်က ထမင်း၊ ဟင်းချက်ပြုတ်ရန်အ
ရေနံဆီမီးဖိုများကို အဓိကထား အသုံးပြုခဲ့သော
သက်သာ၊ လွယ်လင့်တကူလည်းဖြစ်သည့်
ချက်ပြုတ်လာကြသည့်အတွက် ထိုအချိန်မျ

...ာက်နေသော ...် ဓာတ်အားပေးစနစ်(၆)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရသည့် ကာလမှာလည်း အခု ရေတွင်းတူး အခု ရေကြည် သောက် ချက်ချင်းပြီးမြောက်နိုင်သည့် ကိစ္စမဟုတ်သဖြင့် နိုင်ငံတော်ပိုင်ကဏ္ဍမှဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကဏ္ဍမှဖြစ်စေ ဓာတ်အားသုံးစွဲလိုသူ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်အသီးသီးတို့က မည်သည့်နှစ်ကာလတွင် မည်သည့် နေရာဒေသ၌ ဓာတ်အားမည်မျှ ရယူသုံးစွဲလိုကြောင်း ကြိုတင်အသိပေး ညှိနှိုင်းကြရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်အားလိုအပ်ချက် ခန့်မှန်းမှုသည် ပကတိလိုအပ်ချက်နှင့် အနီးစပ်ဆုံးရနိုင်မည်ဟု ဆိုပါသည်။

လျှပ်စစ်ဥပဒေ

လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲကြရာတွင် သုံးစွဲသူများအနေဖြင့် လိုက်နာရမည့်တာဝန်နှင့် ရှောင်ရန်တားမြစ်ချက်များကို မလိုက်နာကြခြင်းကြောင့် နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများရှိပါက လျှပ်စစ်ဥပဒေအရ အရေးယူ ဆောင်ရွက်ရမည်ဖြစ်ရာ လျှပ်စစ်ဥပဒေပုဒ်မအချို့ကို ကောက်နုတ်ဖော်ပြအပ်ပါသည်-

ပုဒ်မ ၃၀။ မည်သူမဆိုအောက်ပါတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုခြင်း ခံရမည့်အပြင် ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်းကိရိယာ၏ ကာလတန်ဖိုး သို့မဟုတ် ယင်းပြုလုပ်မှုကြောင့် ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုအတွက် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည့်ငွေကြေးကို သက်ဆိုင်ရာ နိုင်ငံပိုင်အဖွဲ့အစည်းသို့ လျော်ကြေးအဖြစ် ပေးဆောင်ရမည်-

(က) နိုင်ငံတော်ပိုင်လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း။

(ခ) နိုင်ငံတော်ပိုင်လျှပ်စစ်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း။

(ဂ) လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်း။

(ဃ) သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ဆင့်ပွား ဆက်သွယ်အသုံးပြုခြင်း။

(င) အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံးပါဝါမီတာမှတစ်ဆင့် သုံးခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း။

(စ) စက်မှုလက်မှုသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်း။

ပုဒ်မ ၃၁ (က) ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၀တို့အရ တောင်းခံသည့် လျော်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိရမည်။

နိုင်ငံတစ်ဝန်းလုံးတွင် လောလောဆယ် ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုပေါင်း ၁ဒသမ ၆ သန်းကျော် ရှိကြောင်း သိရသည်။ ယခုအခါ မြန်မာနိုင်ငံတွင်လည်း ရေနံဆီမီးဖိုများ အသုံးမပြုကြတော့ဘဲ လျှပ်စစ်မီးဖိုများတွင်ကျယ်စွာ အသုံးပြုလာကြပါသည်။ လျှပ်စစ်မီးဖိုများသည် သာမန်အားဖြင့် ဝပ် ၁၂၀၀ ရှိပါသည်။ ဓာတ်အားစနစ်တွင် ဝန်အားအများဆုံးအသုံးပြုချိန်သည် နံနက် အိပ်ရာထချိန်မှ အလုပ်မသွားမီ ချက်ပြုတ်ချိန်ဖြစ်ပြီး ညနေပိုင်းတွင်လည်း အလုပ်ဆင်းပြီး ညနေစာ ပြင်ဆင်ချက်ပြုတ်ချိန်ဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးဖိုများ၏ အသုံးပြုဓာတ်အား ပမာဏမှာ သိသာပါသည်။ ဝပ်(၄၀) မီးလုံးထက် အဆ ၃၀ များသည်ဟု ဆိုသည်။

ယခင်က ထမင်း၊ ဟင်းချက်ပြုတ်ရန်အတွက် ထင်း၊ မီးသွေးနှင့် ရေနံဆီမီးဖိုများကို အဓိကထား အသုံးပြုခဲ့သော်လည်း ယခုအခါ ဈေးလည်းသက်သာ၊ လွယ်လင့်တကူလည်းဖြစ်သည့် လျှပ်စစ်ကို အဓိကထား၍ ချက်ပြုတ်လာကြသည့်အတွက် ထိုအချိန်များသည် ဝန်အားပိုသည့်/ ဝန်အားမနိုင်သည့် အချိန်များဖြစ်လာသည်ဟု ဆိုသည်။ ထမင်း၊ ဟင်းချက်ပြုတ်ရန်အတွက် ထင်းအစားထိုး လောင်စာတောင့်၊ ရေနံဆီနှင့် ဓာတ်ငွေ့ရည်သုံး မီးဖိုများ စသည်ဖြင့် အစားထိုးနည်းလမ်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ဝန်အားမနိုင်နင်းမှုကို တစ်ဖက်တစ်လမ်းမှ ပြေလည်စေနိုင်မည်ဟု သိရသည်။

လျှပ်စစ်ဓာတ်အား တစ်ယူနစ်သည် ဝပ် ၁၀၀၀ နာရီဖြစ်သဖြင့် ဝပ် ၁၀၀ မီးလုံး ၁၀နာရီထွန်းလျှင်သော်လည်းကောင်း၊ ဝပ်၄၀မီးချောင်း ၂၅နာရီထွန်းလျှင်သော်လည်းကောင်း၊ ၅ ဝပ်မီးလုံး နာရီ ၂၀၀ထွန်းလျှင်သော်လည်းကောင်း လျှပ်စစ်မီတာတစ်ယူနစ်တက်မည်ဖြစ်ပါသည်။ ကျန်အိမ်သုံးပစ္စည်းအသုံးပြုမှုများအတွက် အောက်ပါအတိုင်းခန့်မှန်းနိုင်ပါသည်-

(က)	တီဗွီ ၁၄လက်မရောင်စုံ	၅၇ ဝပ်မှ ဝပ် ၇၀
(ခ)	တီဗွီ ၂၀လက်မမှ ၂၁လက်မ	ဝပ် ၇၀ -၉၉ ဝပ်-၁၂၅ဝပ်
(ဂ)	တီဗွီ ၂၆လက်မမှ ၃၂လက်မ	ဝပ် ၁၆၀ မှ ဝပ် ၂၁၀
(ဃ)	တီဗွီ ၁၄လက်မမှ ၁၈လက်မ (အဖြူ၊ အမည်း)	ဝပ် ၃၀
(င)	ဗီဒီယို(အောက်စက်)	၁၂၀ဝပ်မှ ၃၂၀ဝပ်
(စ)	ပန်ကာ	ဝပ်၂၀- ဝပ် ၃၀ -ဝပ် ၅၀
(ဆ)	ရေခဲသေတ္တာ	ဝပ် ၈၀ မှ ဝပ်၂၀၀
(ဇ)	ထမင်းချက်အိုး	ဝပ် ၇၅၀မှ ဝပ် ၁၀၀၀
(ဈ)	မီးဖို	ဝပ်၁၀၀၀ -ဝပ်၁၂၀၀ - ဝပ် ၁၆၀၀ -ဝပ်၂၀၀၀
(ည)	မီးပူ	ဝပ် ၇၅၀မှ ဝပ်၁၀၀၀
(ဋ)	ကွန်ပျူတာ	ဝပ် ၂၀၀မှ ဝပ် ၃၀၀
(ဌ)	အဝတ်လျှော်စက်	ဝပ် ၃၀၀မှ ဝပ် ၅၀၀
(ဍ)	လေအေးစက်နှင့်အခြားစက်မှုသုံးများ	
	(၁) မြင်းတစ်ကောင်	၇၄၆ ဝပ်
	(၂) မြင်းတစ်ကောင်ခွဲ	ဝပ် ၁၁၉၀
	(၃) မြင်းနှစ်ကောင် ၁၄၉၂ ဝပ်တို့ ဖြစ်သည်။	

မြန်မာနိုင်ငံ၌ ပြည်သူလူထု၏ လူနေမှုဘဝတွင် အထက်ဖော်ပြပါ လျှပ်စစ်ပစ္စည်းများ တစ်နေ့တခြား ပိုမိုသုံးစွဲလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အချိန်တိုအတွင်း အလွန်မြင့်မားလာပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ရေအားလျှပ်စစ်မှ လည်းကောင်း၊ သဘာဝဓာတ်ငွေ့မှ လည်းကောင်း၊ ကျောက်မီးသွေးမှလည်းကောင်း အဓိကထားထုတ်လုပ်သုံးစွဲလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ ဓာတ်အားထုတ်လုပ်ရာတွင် ဇီဝရုပ်ကြွင်းလောင်စာ(Fossil Fuel)များဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို တူးဖော်ထုတ်လုပ်ပြီး နှစ်ပေါင်းများစွာ အသုံးပြုလျက်ရှိရာ ထိုစွမ်းအင်အရင်းအမြစ်များသည် နှစ်ကာလကြာရှည်လာသည်နှင့်အမျှ ကုန်ခန်းလာမည်ဟု သိရသည်။

ထို့ကြောင့် အနာဂတ်ကာလတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်စိတ်ချရရေး(Energy Security)အတွက် မိမိနိုင်ငံတွင်ရရှိနိုင်မည့် အစားထိုးစွမ်းအင်(Alternative Energy)ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်၍ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ အခြားသောစွမ်းအင်သစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် ဓာတ်အားစနစ်မှတိုက်ရိုက်ဆက်သွယ်၍ ဓာတ်အားမရရှိနိုင်သေးသော ဒေသများတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အစားထိုးစွမ်းအင် (Alternative Energy)ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များနှင့် ဒေသခံပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုး၍ အလားတူ အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆက်လက်တင်ပြသွားပါမည်။ ။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

သထုံ မရမ်းကုန်းကျေးရွာ အထကကျောင်းခွဲ ပဠမအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၂

သထုံမြို့နယ် မရမ်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ဦးတန်ခူးလပြည့်ကျော် ၇ရက်) ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့) ည ၉နာရီတွင် အထက်ပါကျောင်းခွဲ မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံကြီး အငြိမ်းစားဆရာ ဆရာမကြီးများအား အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အရိုး၊ အကြော၊ အဆစ်ကျွမ်းကျင်သူများ၊ သူနာပြုများ၊ ခြေတု၊ လက်တုနှင့် အားပြုကိရိယာကျွမ်းကျင်သူများအား မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ ၁ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဖုန်း-၂၂၉၀၈၇၊ ၂၂၂၉၂၃၊ အတွင်းရေးမှူး ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄၊ ဦးစိန်ထွေး ဖုန်း-၅၂၅၁၁၉၊ ဒေါ်သူဇာကျော် ဖုန်း-၀၉-၅၁၂၂၅၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြေပုံမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၂၂

မြေပုံမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်မွှာရုံ၌ ကျင်းပမည် ဖြစ်သည်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်အတူ ဦးကျော်လှ အမှတ်၄၀ ၃၁လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၃၃၇၃၊ ၂၄၈၂၂၇ တို့သို့ ဧပြီ ၂၇ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်နှင့် အသင်းသူ အသင်းသားများ၊ အသင်းဝင်လိုသူများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများလည်း တစ်ပါတည်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

သန့်တည်ပွား အလှူတော်မင်္ဂလာ

ရန်ကုန် ဧပြီ ၂၂

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးကို ရည်ရွယ်၍ သန့်-တည်-ပွား ယောဂီများနှင့် အိမ်မဲမြို့နေ ဦးအီရုံး-ဒေါ်စန်းမြင့်၊ ဦးသိန်းလွင်-ဒေါ်ကျင်စွမ်းမိသားစုတို့က ကြီးမှူးကျင်းပမည့် ရှင်ပြုမင်္ဂလာအခမ်းအနားကို မေ၁ရက်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ (၅)ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကိုရင်နှင့် သီလရှင်အပါး ၄၀စီ လက်ခံမည်ဖြစ်ရာ အသက်(၁၃)နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၊ ကိုရင်၊ သီလရှင်ဝတ်လိုပါက သန့်တည်ပွားရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃နှင့်၀၁-၂၁၂၈၂၄တို့သို့ ဧပြီ၂၉ရက် ညနေ၄နာရီနောက်ဆုံးထား၍ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၀၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်စီးပွားရေးလမ်းညွှန် (Yangon Business Directory) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



ယင်းစာအုပ်တွင် ရန်ကုန်အပါအဝင် နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံ၊ ပဲခူး၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်မြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည်(အောက်ပိုင်း) မြို့ပေါင်း ၂၉မြို့တို့၏စီးပွားရေးလုပ်ငန်းလိပ်စာအချက်အလက်များ၊ဖုန်းနံပါတ်များနှင့်စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစား ခေါင်းစဉ်၈၀၀ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၈၀၀၀၀ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။ ရန်ကုန်စီးပွားရေးလမ်းညွှန်ကို အမှတ်-၁၄၅ ၃၆လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၉၅၊ ၂၅၀၁၂၁နှင့် အမှတ်၄/၆ ၂၄-၂၅လမ်းကြား ၆၂-၆၃လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၃၈၂၂၅တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒါ့ထက်တောင်ပိုသေး

မောင်ကာဠု

(မောင်ကာဠု) အဘိုးနေကောင်းရဲ့လား၊ အဘိုးကျန်းမာအောင် နေပါနော်၊ အဘိုးတို့လို ရှေ့မီနောက်မီ သက်ကြီးဝါကြီး အတွေ့အကြုံ ရင့်ကျက်သူတွေ ရှိနေဦးမှဖြစ်မှာ။

(အဘိုး) မောင်ကာဠု မင်းဒီနေ့ စကားအဆန်းတွေပြောနေပါလားကွ၊ ဘာတွေဖြစ်လာတာလဲ၊ ဒို့လဲ ကျန်းမာအောင် နေရမှာပေါ့ကွယ်၊ ဒီမိုကရေစီလမ်းပြ မြေပုံကြီးရဲ့ အဆင့်(၇)ဆင့်စလုံး အောင်မြင် ပြီးမြောက်သွားတာ မြင်သွားချင်သေးတယ်။ **ဒို့နိုင်ငံက ရေမြေသြဇာကောင်းတယ်၊ သယံဇာတ မျိုးစုံကြွယ်ဝတယ်၊ ဥတုရာသီလည်း မျှတတယ်၊ သဘာဝ ဘေးအန္တရာယ်လည်း ကင်းရှင်းသလောက်ပါပဲ၊ ဒီလို အခြေခံကောင်းရှိတဲ့ ဒို့နိုင်ငံမှာ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ နိုင်ငံအကျိုးကို တူညီစွာ ရှေးရှု ကြိုးပမ်းခြင်းတွေနဲ့ ပြည့်စုံရင် ဒို့နိုင်ငံဟာ မင်းတို့ပြောပြောနေတဲ့ ရွှေနိုင်ငံ ဖြစ်ပြီပေါ့ကွာ။** ဒို့လဲ မသေခင် မြန်မာပြည်ထောင်စုကြီး ရွှေရောင်ဝင်းလက် တိုးတက်ဖွံ့ဖြိုး အလှတိုးနေတာ မြင်သွားချင်တာပေါ့။

(မောင်ကာဠု) အဘိုးပြောတဲ့အခြေခံကောင်းပြည့်ဝတဲ့ မြန်မာနိုင်ငံမှာ ဗြိတိသျှနယ်ချဲ့တွေ ကျူးကျော်ကျွန်ပြုပြီး နိုင်ငံရဲ့ကြွယ်ဝသမျှ ဓနဥစ္စာတွေ သွေးစုပ်တာ၊ ဖိနှိပ်တာကို နှစ်ပေါင်း ၁၀၀ ကျော်ခံခဲ့ကြရ၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားစုံ မြန်မာမျိုးချစ်တွေ အသက်သွေးချွေးပေးပြီး တိုက်ယူခဲ့ကြရ၊ လွတ်လပ်ရေးလည်းရရော ပြည်တွင်းဖြစ် နိုင်ငံရေး ဝါဒစုံ၊ ပြည်ပကတင်သွင်းလာတဲ့ လက်ဝဲ၊ လက်ယာနိုင်ငံရေးဝါဒစုံတွေကို ဘိန်းစွဲသလိုစွဲပြီး ပါတီအုပ်စု ဂိုဏ်းဂဏတွေဖွဲ့ကြ၊ ဂိုဏ်းချင်းပြိုင်ကြ၊ ဝါဒချင်း ဆိုင်ကြ၊ နောက်ဆုံးအာဏာလု၊ ဗိုလ်လု၊ နယ်လုရင်း လက်နက်ကိုင်တိုက်ကြနဲ့ သောင်းကျန်းခဲ့ကြတာ ပြည်သူတွေ နှစ်ပေါင်း လေးငါးဆယ် ဒုက္ခရောက်ခဲ့ကြရတာပဲ၊ ဘယ်မှာတိုးတက်ဖွံ့ဖြိုးလာပါ့မလဲ အဘိုးရယ်။

(အဘိုး) အေး၊ အခုတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ ဥပဒေဘောင်အတွင်း ဝင်လာကြတော့ တစ်နိုင်ငံလုံး ငြိမ်းချမ်းသွားပြီလေ။ ငြိမ်းချမ်းတဲ့ အခြေအနေကောင်းရယ်၊ ကြွယ်ဝတဲ့ ရေမြေသယံဇာတကောင်းရယ်၊ ညီညွတ်လက်တွဲတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခွန်အားရယ် ပေါင်းစည်းမိတော့၊ နိုင်ငံကြီးတစ်ခုလုံး နတ်ရေကန်ထဲ ချလိုက်သလိုပဲ ဘက်ပေါင်းစုံ၊ ကဏ္ဍစုံ၊ နယ်ပယ်စုံ၊ ဒေသစုံမှာ မကြုံစဖူး ထူးထူးကဲကဲ တိုးတက်ဖွံ့ဖြိုးလာတာကလည်း အံ့မခန်းပါပဲကွာ၊ ဒို့အခု အသက် ၈၀တွင်း ရောက်နေပါပြီ၊ ဒို့တစ်သက် ဒီနေ့လောက် ငြိမ်းချမ်းတာ၊ ဒီနေ့လောက်တိုးတက်တာ မကြုံဖူးခဲ့တာ အမှန်ပဲ။

(မောင်ကာဠု) အခုလို တိုးတက်လာတာတွေ၊ ငြိမ်းချမ်းလာတာတွေကို ကျွန်တော်တို့ကတော့မယုံမရှိနဲ့ ကိုယ်တွေ့ဆိုသလိုပါပဲ။ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတဲ့ အဆင့်တွေ ရောက်တာနဲ့ ပါတီစုံဒီမိုကရေစီခေတ်ကို ရှေးရှုတဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး တိုင်းရင်းသားပြည်သူတွေနဲ့ နိုင်ငံတော်အစိုးရ လက်တွဲဖော်ဆောင်လာခဲ့တာ အခုဆိုရင် စတုတ္ထလုပ်ငန်းစဉ်ဖြစ်တဲ့ ရေးဆွဲပြီးစီးပြီဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုတဲ့ အဆင့်ကို တက်လှမ်းလာပြီပဲ အဘိုးရဲ့။

(အဘိုး) ဒို့နိုင်ငံမှာပါတီစုံခေတ်ကို ဝါဒစုံစနစ်နဲ့အတူ ဖြတ်သန်းခဲ့ဖူးပြီ၊ ပါတီစုံတာကတော့ အကြောင်းမဟုတ်လှပါဘူး။ ဝါဒစုံတာကအန္တရာယ်တွေ၊ဆိုးကျိုးတွေများလှတယ်ကွဲ့။ နိုင်ငံရေးဝါဒမှာ လက်ဝဲအမျိုးမျိုး၊ လက်ယာအမျိုးမျိုး ကွဲနေကြတော့ ဘယ်မှာ ညီညွတ်နိုင်တော့မလဲ။ ကိုယ့်ပါတီ၊ ကိုယ့်ဝါဒသာအမှန်ဆိုပြီး ကိုယ်သာအာဏာရစေရမယ်ဆိုတဲ့အစွဲကိုယ်စီနဲ့ အချင်းချင်းတိုက်ခဲ့ ခိုက်ခဲ့ကြတဲ့ နှစ်လေးဆယ်ကျော် ပြည်တွင်းရောင်စုံသောင်းကျန်းမှုကို ဒို့ကြုံခဲ့ရပြီ။ သောကဗျာပါရ၊ ဒုက္ခအရာရာကြုံခဲ့ရပြီ။

(မောင်ကာဠု) ဟုတ်ပါတယ် အဘိုး။

(အဘိုး) **ဒို့က ပါတီစုံတာ မကြောက်ဘူး၊ ဝါဒစုံလာမှာတော့ ရင်လေးတယ်။ ပါတီအားလုံးဟာ ကိုယ့်နိုင်ငံကြီးထာဝရ တည်တံ့ခိုင်မြဲနေဖို့၊ ကိုယ့်နိုင်ငံလွတ်လပ်ရေးဆိုတဲ့ အချုပ်အခြာအာဏာ အစဉ်မြဲခိုင်နေဖို့ကို ရှေးရှုလုပ်ကြမယ်ဆိုရင်တော့ ကောင်းပါတယ်။ နိုင်ငံတိုးတက်ကြီးပွားချမ်းသာအောင်လုပ်တဲ့ ပါတီတွေ ပြည်ပသြဇာမခံ၊ဝါဒဂိုဏ်းဂဏအစွဲဖျောက်ပြီး ကိုယ့်အမျိုးသား အကျိုးစီးပွားဖော်ဆောင်တဲ့ ပါတီမှန်သမျှဟာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်က ပါတီအဖြစ် ပြည်သူတွေက သတ်မှတ်မှာပါ။**

(မောင်ကာဠု) အခုတော့လဲ တချို့က ပါတီစုံမှာ ဝါဒစုံ ရောမွှေပြီး အချင်းချင်း ဝါဒစွဲ၊ ပါတီစွဲနဲ့တိုက်နေကြလေ၊ ဒီနိုင်ငံ စည်းလုံးညီညွတ်မှုပြိုကွဲလေ၊ အဲဒီနိုင်ငံချည့်နဲ့လေဖြစ်မယ်ဆိုပြီး ဝါဒစုံအစွဲစုံကို မူးယစ်ဆေးလိုစွဲနေအောင် သွေးထိုးဖန်တီးပြီး ဒီကနေ့ နယ်ချဲ့နိုင်ငံကြီးတွေက နိုင်ငံတွေ မငြိမ်မသက်အောင်၊ အချင်းချင်း တိုက်ခိုက်နေအောင် သွေးထိုး၊ သပ်လျှိုပေးနေတာပေါ့ အဘိုးရဲ့။

(အဘိုး) ဒါ့ကြောင့် အခုဆန္ဒခံယူအတည်ပြုမယ့် နိုင်ငံဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်(၂၀၀၈)မူကြမ်းမှာ ပုဒ်မ ၄၀၄၊ နိုင်ငံရေး ပါတီတစ်ရပ်သည်(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည် ချက်ထားရှိရမည်။ (ခ)နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်လို့ မူချထားတာပေါ့ကွယ်။

(မောင်ကာဠု) ဒီအခြေခံဥပဒေမှာပါတဲ့ ပုဒ်မတွေကို နိုင်ငံရေးပါတီတိုင်း လက်တွေ့ကျကျ ကာယ၊ဝစီ၊မနော ကံသုံးပါးနဲ့ လိုက်နာကြရင် ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးပါတီတွေ ဖြစ်လာမှာပေါ့နော်။

(အဘိုး) အေးကွဲ့၊ **အဲဒီအခြေခံဥပဒေသစ် ပုဒ်မ ၄၈၅(က)မှာ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးရမည်၊ (ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊ (ဂ)နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ရမည်လို့ ပါရှိတဲ့အတွက် အခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေများနှင့်အညီ အများကောင်းကျိုးသယ်ပိုးတဲ့ ပါတီတွေ ပေါ်လာမှာပေါ့၊ ဥပဒေချိုးဖောက်ပြီး မင်းမဲ့စရိုက်နဲ့ တိုင်းဆူပြည်ဖျက်လုပ်တဲ့ လုပ်ရပ်တွေ ကင်းစင်သွားမယ်။ ဏ္ဍမြွေ သိက္ခာရှိတဲ့ နိုင်ငံရေးပါတီတွေ ထွန်းကားလာမယ်။ အဲဒါမှ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ထွန်းလာနိုင်မယ်။**

(မောင်ကာဠု) ပါတီတွေလွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ကောပါရဲ့လား အဘိုး။

(အဘိုး) ပါသကောမောင်ရာ၊ ပုဒ်မ ၄၀၆မှာ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။ (ခ)ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်လို့ ပေးထားတာကွဲ့။ မိမိတို့ဆန္ဒ သဘောထားကို လွတ်လပ်စွာဖော်ပြတဲ့နေရာ မိမိတို့ ပါတီအတွက် စည်းရုံးလှုပ်ရှားတဲ့အခါမှာ ဥပဒေနှင့်အညီတော့ လှုပ်ရှားရမှာပေါ့။ စည်းရုံးတယ်၊ လှုပ်ရှားတယ်၊ ဆန္ဒပြတယ်ဆိုပြီး အဆောက်အအုံတွေဖျက်ဆီး၊ ကားတွေမီးရှို့၊ နောက်ဆုံးပုဂ္ဂလိက ဆိုင်တွေကို ချိုးဖျက်ပြီး လုယက်နေကြတာမျိုးတော့ ဒီမိုကရေစီအစစ်က ခွင့်မပြုဘူးကွဲ့။

(မောင်ကာဠု) အဘိုးတစ်ခါကပြောသလို ပါတီနိုင်ငံရေး သို့မဟုတ် နိုင်ငံရေး ပါတီဆိုတာ၊ သဘောဆန္ဒ၊ ရည်ရွယ်ချက်တူညီတဲ့ လူများစုပြီး ဖွဲ့ထားတဲ့အဖွဲ့အစည်းတစ်ခုပါပဲ။ ပြည်သူ့ကောင်းကျိုး ပြည်သူတွေ စားဝတ်နေမှုဖူလုံ တိုးတက်စေရေး၊ ငြိမ်းချမ်းလုံခြုံစွာ နေနိုင်ရေးအတွက် ကျွန်တော်တို့ ပါတီက အကျိုးဆောင်ပါရစေ။ ကျွန်တော်တို့ကို အကျိုးဆောင်ခွင့်ပေးပါဆိုပြီး ရွေးကောက်ပွဲတွေမှာ မဲဆွယ်ကတိတွေပေးပြီး အရွေးခံကြ၊ အရွေးခံရတဲ့အခါ အများစု အရွေးခံရတဲ့ပါတီက ကိုယ်စားလှယ်တွေက နိုင်ငံတော်အာဏာကို ပြည်သူ့ကိုယ်စား ကိုင်တွယ်ကျင့်သုံး ဖြည့်စွမ်းပေးရတာမျိုးကိုခေါ်တာ၊ အဲဒါပါတီနိုင်ငံရေး သို့မဟုတ် နိုင်ငံရေး ပါတီပဲပေါ့။

(အဘိုး) အေးလေ၊ **နိုင်ငံရေးပါတီဟာ ပြည်သူ့အကျိုးကို ဆောင်ကြဉ်းပေးဖို့ပဲဖြစ်တယ်၊ ပြည်သူ့အသက် အိုးအိမ် စည်းစိမ်တွေ ပျက်စီးချင် ပျက်စီး၊ ဒို့အာဏာရဖို့က အဓိကဆိုတဲ့ ပါတီတွေဟာ ပြည်ပြေးအုပ်စုမျိုး၊ လက်နက်ကိုင် သောင်းကျန်းသူမျိုး၊ အကြမ်းဖက်အုပ်စုမျိုး ဘဝသက်ဆင်း ဇာတ်သိမ်းသွားရတယ်။ ပြည်ပကို အားကိုးတယ်ဆိုကတည်းက ပြည်သူ့ပါတီ၊ ပြည်သူ့နိုင်ငံရေးသမား မဖြစ်နိုင်ဘူး။ နိုင်ငံခြားလက်ပါးစေ ပုဆိန်ရိုး ရုပ်သေးရုပ်ပဲ ဖြစ်မယ်။ ဒါကြောင့် ပုဒ်မ ၄၀၇ မှာ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတဲ့ အချက်လေးချက်ကို ပုဒ်မခွဲလေးခုနဲ့ ဖော်ပြထားတယ်။**

(မောင်ကာဠု) ပြောပြပါဦး အဘိုးရဲ့။

(အဘိုး) ၄၀၇ (က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ (ခ)နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း၊ (ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေးပစ္စည်း အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ (ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတဲ့ကွဲ့။ အဲဒီပြဋ္ဌာန်းချက် တစ်ရပ်ရပ်နဲ့ ငြိစွန်းကြောင်း ပါတီများကို မှတ်ပုံတင်ခွင့်ပေးနိုင်တဲ့ အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမယ်လို့ ပုဒ်မ ၄၀၈ မှာ ပြဋ္ဌာန်းထားတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို ရယူ ကျင့်သုံးလိုကြတယ်ဆိုရင် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုအားလုံးလိုက်နာကြရမှာပေါ့။ ဒါဟာ ပြည်သူတွေ မကြာခဏပါတီနိုင်ငံရေး လေနီကြမ်း တိုက်ခိုက်ခံရမှုမှ ကင်းဝေးစေတဲ့နည်းလမ်းပဲ။

(မောင်ကာဠု) ပြည်ပနဲ့ သံတမန်လမ်းကြောင်းက ဆက်လိုက်၊ မီဒီယာလမ်းကြောင်းက ဆက်လိုက်၊ ပြည်ပမျှော်ပြီး ပြည်ပအကူအညီယူလိုက် ပြည်ပအားကိုးနဲ့ အာဏာယူပြီး နိုင်ငံကို ကျွန်ဇာတ်သွင်းမယ့် လူတွေ၊ ဆူပူပြီးမှ အာဏာတောင်းလိုတဲ့ လူတွေ၊ ဒီမိုကရေစီနည်းကျ ပြည်သူ့အဆုံးအဖြတ် မရယူဘဲ အာဏာကို မတရားနည်းနဲ့ ရချင်သူတွေကတော့ ကြိုက်ပါ့မလား အဘိုး။

(အဘိုး) သူတို့ကတော့ ကြိုက်ချင်မှကြိုက်မယ်၊ **ဒို့မြန်မာတွေက နှစ် ၂၀လောက် အတွေ့အကြုံနဲ့ကိုပဲ ဘယ်သူတွေက ပြည်ပအားကိုးပုဆိန်ရိုးလုပ်၊ ပြည်ပသြဇာခံပြီး နိုင်ငံကို ဆင်းရဲကျပ်တည်းအောင် ပိတ်ဆို့ခိုင်းခဲ့တယ်၊ ဒီကနေ့ နိုင်ငံတစ်ခုလုံး ငြိမ်းချမ်းဖွံ့ဖြိုးလာတာ ဘယ်သူတွေကြောင့်ဖြစ်တယ်ဆိုတာ ခွဲခြား သိနေပြီးသားပါကွယ်။ ဒါ့ကြောင့် နိုင်ငံတည်ငြိမ် လုံခြုံအေးချမ်းသာယာ ဖွံ့ဖြိုးစေမယ့် အခြေခံဥပဒေ (၂၀၀၈) မူကြမ်းကို မေလ (၁၀)ရက်နေ့မှာ ပြည်သူတို့ရဲ့ ထောက်ခံဆန္ဒမဲနဲ့ အတည်ပြုကြတော့မယ်။ ပြည်သူက လက်တွဲခေါ်တာ မလိုက်ဘဲ ဆုတ်ကန် ဆုတ်ကန်လုပ်နေရစ်မယ်ဆိုရင်တော့ သူတို့သမိုင်းသူတို့ ရေးသားတာလို့ ဆိုရမှာပေါ့။**

(မောင်ကာဠု) အခုတလော နယ်ချဲ့ပါးစပ်ပေါက်၊ ပုဆိန်ရိုးပါးစပ်ပေါက်တွေကတော့ အခြေခံဥပဒေသစ်ကို ကန့်ကွက်ရမယ်လို့ အော်ဟစ်နေကြတာ ကြားနေရတယ် အဘိုးရယ်။ ၅၆ သန်းသော တိုင်းရင်းသားပြည်သူတွေ အကြားမှာ အဖျက်လုပ်ရပ်၊ အဖျက်လုပ်ဇာတ် ခင်းနေသူတွေက ဘယ်လောက်ခုန်ခုန် ဖုန်မထနိုင်ပါဘူး အဘိုးရယ်။

(အဘိုး) ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

(မောင်ကာဠု) ဒါ့ထက်တောင်ပိုသေး။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

စစ်ကိုင်းတိုင်း စာအောင်သံဃာတော်များနှင့် သီလရှင်များ အောင်လက်မှတ် ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၂၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် တိပိဋကနိကာယ်ငါးရပ် ဓမ္မာစရိယ၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းစာမေးပွဲများတွင် အောင်မြင်တော်မူကြသည့် သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် ဝတ္ထုငွေများဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှစ်ပါးသီလခံယူ

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မုံရွာမြို့ မဟာဓောတိကာရာမကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိန္ဒဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်တရားတော်များရွတ်ဖတ်ကြပြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီးဒေါ်ခင်မြဦးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်ဇနီးဒေါ်အေးအေးတို့က မဟာလယ်တီတိုက်ပဓာနဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆရာတော်ကြီးများအားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး ၂၀၀၇ ခုနှစ် တိပိဋကစာမေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူသည့် သံဃာတော်ရှစ်ပါးအား စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အောင်လက်မှတ်ဆက်ကပ်

ထို့နောက် တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် တာဝန်ရှိသူများက စာအောင်သံဃာတော်များနှင့်သီလရှင်ဆရာကြီးများအား အောင်လက်မှတ်နှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

စူဠဘွဲ့နှင်းသဘင်

ယနေ့ကျင်းပသည့်စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် တိပိဋကစာမေးပွဲအောင် သံဃာရှစ်ပါး၊ နိကာယ်ငါးရပ်အောင် သံဃာ ခုနစ်ပါး၊ ဓမ္မာစရိယအောင် သံဃာ သုံးပါး၊ ပထမကြီးတန်းအောင် သံဃာ ၁၁၇ပါး၊ ပထမလတ်တန်းအောင် သံဃာ ၁၇၃ ပါး၊ ပထမငယ်တန်းအောင် သံဃာ၂၅၂ ပါး၊ စုစုပေါင်း ၅၅၂ပါး၊ နိုင်ငံကျော်အထူးအောင် သံဃာ သုံးပါး၊ နိကာယ်အောင်သီလရှင် တစ်ပါး၊ ဓမ္မာစရိယအောင် သီလရှင် တစ်ပါး၊ ပထမကြီးတန်းအောင် သီလရှင် ၁၀ပါး၊ ပထမလတ်တန်းအောင် သီလရှင် ခုနစ်ပါး၊ ပထမငယ်တန်းအောင် သီလရှင် ၁၄ ပါး ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၇ လမ်း အမှတ် ၆၂ နေ ဒေါ်မြင့်မြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ကို အနုနာယကဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ပုသိမ်မြို့ တွန်ပလွန်-သရက်ကုန်း-အနန်းကုန်း ကျောက်ချောလမ်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဧပြီ ၁၉ ရက် ညနေပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော တွန်ပလွန်-သရက်ကုန်း- အနန်းကုန်းကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ပြီး လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျေးလက်ကျောက်ချော လမ်းသစ်မှာအရှည် ၃ မိုင် ၄ ဒသမ ၄ ဖာလုံ အကျယ် ၁၀ ပေရှိပြီး ပုသိမ်ငွေဆောင် လမ်းမကြီးသို့ ဆက်သွယ်သော လမ်းတစ်လမ်းဖြစ်ကာ လမ်းပြီးစီးသွားသဖြင့် တွန်ပလွန်ကျေးရွာနှင့် အနန်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ဝါးတောကြီးကျေးရွာ၊ သရက်ချိုကုန်းကျေးရွာနှင့် သရက်ကုန်းကျေးရွာများမှ ပြည်သူများအနေဖြင့် ပုသိမ်-ငွေဆောင်လမ်းမှတစ်ဆင့် ပုသိမ်မြို့သို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာ၌ ကျေးလက်ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ လည်းကောင်း၊ ပန်းတနော်မြို့ သာသနာ့ဝေပုလ္လပုခန်း ကျောင်းတိုက်၌ လည်းကောင်း၊ အိမ်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေညီလာခန်းမ၌ လည်းကောင်း၊ မြောင်းမြမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌လည်းကောင်း မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေရရှိရေးနှင့် လမ်းအဆင့်မြှင့်လုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၁၀၇ ရပ်ကွက်ရှိ ကေတုမတီလမ်းတွင် ကျောက်စီနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်ရှိ ပျားရည်ကုန်းလမ်း၌ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန် စက်ရေတွင်းသစ် တူးဖော်ဆောင်ရွက်ပြီးစီးမှု၊ စမ်းသပ်လည်ပတ်ဆောင်ရွက်နေမှုနှင့် သောက်သုံးရေထွက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းရှိ မေတ္တာပုညကာရီဓမ္မာရုံ၌ အဆိုပါရပ်ကွက်မှ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ခုနစ်ပင်လိန်ချောင်းကူးတံတားတည်ဆောက်ရေးနှင့် သောက်သုံးရေဖူလုံစွာရရှိရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခုနစ်ပင်လိန်ချောင်းကူးတံတားတည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ သုမာလာလမ်းသို့သွားရောက်ပြီး ကျောက်စီခင်းကျင်းပြီးစီးမှုနှင့် ကတ္တရာလောင်းနေမှုတို့ကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် ၁၀၇ ရပ်ကွက်ရှိ ကေတုမတီလမ်းအား ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ မြသဇင်လမ်းနှင့် ဥက္ကာ(၁) လမ်းထောင့်၌ စက်ရေတွင်းများ တူးဖော်ပြီးစီးမှု၊ ရေသန့်စင်လုပ်ငန်း၊ ရေစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်နေမှုနှင့် အချင်း ၁၆ လက်မရှိ ကြိုတင်အားဖြည့်မြေအောက်ကွန်ကရစ်ပိုက်လိုင်းများ သွယ်ယူနေမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

သောက်သုံးရေ ဖူလုံမည်

အဆိုပါဒဂုံမြို့သစ်(တောင်ပိုင်း) ရေပေးဝေရေးလုပ်ငန်းတစ်ခုလုံးသည် ယခုအခါ ၇၀ရာခိုင်နှုန်းပြီးစီးနေပြီး လုပ်ငန်းတစ်ခုလုံး အချောသပ်ပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ် ၅၃၊ ၅၄၊ ၅၆၊ ၇၀၊ ၇၁၊ ၇၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆ နှင့် ၁၀၇ ရပ်ကွက်နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့နယ်များတွင် ပြည်သူများနှင့်တွေ့ဆုံ

စာရေးကိရိယာ၊ ဆေးဝါးပစ္စည်းများနှင့် ဝတ်စုံများပေးအပ်

နေပြည်တော် ဧပြီ ၂၂

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၉ ရက်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကွမ်းတောင်ကျေးရွာ ပြည်သူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပုဏ္ဏားကျွန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်ငါးသိန်း**(ယာပုံ)**၊ ကွမ်းတောင် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် အသင်းဝတ် လုံချည်များနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်နှင့်စာနယ်ဇင်းများကို ပေးအပ်ပြီး တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်က ကွမ်းတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက် ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများနှင့် ဝတ်စုံများပေးအပ်ကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် စစ်တွေမြို့နယ် ဝါဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဝါဘိုကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူးက ဝါဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများကိုပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ အဝတ်အထည်များနှင့် ဝတ်စုံများ၊ စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဝါဘိုကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲရုံးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနတာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စစ်တွေ၊ ရသေ့တောင်နှင့် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများသို့ ငွေကျပ်ငါးသိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဧပြီ ၁၈ ရက်က မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမဆောင်၌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းသည် မြင်းခြံမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်၌ ကုန်ပစ္စည်းများ ရောင်းချနေမှု အခြေနေများကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်အတွင်း ရောင်းကုန်ပစ္စည်း မပြတ်လပ်စေရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

သံပုရာကုန်းကျေးရွာ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၂

ပဲခူးတိုင်း မိုးညိုမြို့နယ် သံပုရာကုန်းကျေးရွာ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို တန်ခူးလပြည့်ကျော် ၈ရက်မှ ၁၄ရက် (ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ပန်းတနော်ဆရာတော် ဦးကောဝိဒနှင့် ရွှေမအုချောင်း ဆရာတော် ဦးသီလာစာရအရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာ တရားအားထုတ်နိုင်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ သတိပေးနှိုးဆော်ချက်

(၂၂-၄-၂၀၀၈)

၁။ **အိမ်နီးချင်းနိုင်ငံများ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်း**

(က) မြန်မာနိုင်ငံအနောက်ပိုင်း အိမ်နီးချင်းနိုင်ငံများ၌ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၊ ၂၀၀၇ခုနှစ် မတ်လ၊ ဇူလိုင်လ၊ စက်တင်ဘာလ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီလများတွင် ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 အကြိမ်ကြိမ်ဖြစ်ပွားလျက်ရှိရာ ကြက်ကောင်ရေ လေးသန်းခွဲကျော် သုတ်သင်ရှင်းလင်းခဲ့ပြီး ယခုအချိန်အထိ ၎င်းဒေသအတွင်း ပြောက်ကျား ဖြစ်ပွားမှုရှိကြောင်း။

(ခ) ကမ္ဘာ့ကုလသမဂ္ဂစနစ်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးနှင့် လူတုပ်ကွေး အကြီးတန်း ပေါင်းစပ်ညှိနှိုင်းရေးမှူးရုံးအနေဖြင့် အထက်ဖော်ပြပါ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးသည် ဒေသအတွင်း တွယ်ကပ်ခိုအောင်းအမြစ်တွယ်သည့် အနေအထားရောက်ရှိနိုင်သည့် အခြေအနေဖြစ်ပေါ်လာနိုင်ကြောင်း၊ လူသို့ကူးစက်နိုင်မှုနှင့် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့နိုင်မှုအပေါ် စိုးရိမ်ကြောင်း။

၂။ **နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး။** မြန်မာနိုင်ငံ နယ်စပ်ဒေသ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ ကြက်၊ ဘဲ၊ ငှက်မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထုအနေဖြင့် အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းရပ်များတွင် ပူးပေါင်းပါဝင်လိုက်နာ ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ထွက်ပစ္စည်း။

နည်းမျိုးစုံဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ကြက်၊ ဘဲ၊ ငှက်အရှင်များနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကြက်၊ ဘဲသားပေါက်များ၊ ကြက်ဥ၊ ဘဲဥများ ပြုပြင်ထုတ်လုပ်ထားသော ကြက်သား၊ ဘဲသားများ၊ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများအား တားဆီးပိတ်ပင်ရေးနှင့် ရောင်းဝယ်သုံးစွဲခြင်းမပြုရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(ခ) ဇီဝလုံခြုံမှုမြှင့်တင်ရေး။

(၁) နယ်စပ်ဒေသစီးပွားဖြစ်နှင့်တစ်နိုင်တစ်ပိုင် ကြက်၊ ကြက်ဆင်၊ ဘဲ၊ ငုံး၊ ငန်း၊ မန်ဒါလီ စသည့် မွေးမြူရေးတိရစ္ဆာန်များအား ရောနှောမွေးမြူခြင်းမပြုဘဲ သီးခြားခြံငယ်များဖြင့် စနစ်တကျမွေးမြူရန်။

(၂) နယ်စပ်ဒေသ မွေးမြူရေးကြက်ငှက်တိရစ္ဆာန်များအား သဘာဝ ငှက်ရိုင်းများနှင့် ထိတွေ့မှုမရှိရေး သတိပြုရန်။

(၃) နယ်စပ်ဒေသ စီးပွားဖြစ်ကြက်ခြံနှင့် တစ်နိုင်တစ်ပိုင် ကြက်ခြံငယ်များ၏ ဇီဝလုံခြုံမှုနှင့် ပိုးသတ်ဆေးဖျန်းမှု၊ လူဝင်လူထွက်ထိန်းချုပ်မှု စီမံဆောင်ရွက်ရန်။

(ဂ) သတင်းပေးပို့ရေး။

ကြက်ငှက်များ ထူးခြားစွာနာဖျားမှု၊ သေဆုံးမှုရှိလျှင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပေးပို့ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် ရန်ကုန်- အင်းစိန်လမ်း အမှတ်(၅၄)နေ ဦးအောင်စိုး-ဒေါ်ခင်မြင့် မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ နာယက ဦးထွန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်တို့က လက်ခံယူစဉ်။ (က-ပ)

ပန်းတနော်မြို့နယ် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၂

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် သိမ်ကုန်းစံပြကျေးရွာ နယ်စပ်/စည်ပင် ဓမ္မာရုံ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ကဆုန်လဆန်း၁ရက်မှ ၇ရက်(မေ၅ရက်မှ ၁၂ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ပန်းတနော် ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ရွှေမအုချောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ ကမ္မဋ္ဌာနာစရိယ အရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို တရားနာ တရားအားထုတ်နိုင်ရန် အကျိုးဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း မှုခင်းသတင်းများ

တွံတေးတူးမြောင်းအတွင်း ဆားတင်သင်္ဘောနစ်မြုပ်

ရန်ကုန် ဧပြီ ၂၂

ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်း မိုင်တိုင်အမှတ် (၁) အနီးတွင် ဧပြီ ၂၀ ရက် နံနက်က ငပုတောမြို့နယ်မှ ရန်ကုန်မြို့သို့ ခုတ်မောင်းလာသော ရေယာဉ်မောင်း ဦးတင်ဝင်း(၆၃ နှစ်) (ဘ)ဦးဘဟန် အမှတ်(၁၀၆) မဟာဒုက်(၄)လမ်း နယ်မြေ (၃) မြောင်းမြမြို့မောင်းနှင်သည့် ရေယာဉ်အမှတ်-၆၆၁၈ ရတနာထွန်း တစ်ထပ် သင်္ဘောသည် တူးမြောင်း၌ ရေကျနေစဉ် တူးမြောင်းကမ်းနားဘေးမှ မောင်းနှင်ခဲ့ရာ ကျောက်ဆောင်အစွန်းနှင့် ဝမ်းဗိုက်ထိခိုက်မိပြီး ရေဝင် နစ်မြုပ်သွားခဲ့သည်။

ရေယာဉ်နစ်မြုပ်စဉ် ရေယာဉ်၌ဆားပိဿာချိန် ၄၀၀၀၀ခန့် တင်ဆောင်ထားပြီး ရေယာဉ်လုပ်သားရှစ်ဦးပါရှိကာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်၍ ဆိပ်ကြီးခနောင်တိုရဲစခန်းမှ ရေယာဉ်မောင်း ဦးတင်ဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၀ ဖြင့် အမှုဖွင့် အရေးယူထားသည်။ **(သတင်းစဉ်)**

ဓားထောက်လုယက်မှု စမ်းချောင်းမြို့နယ်၌ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၂

စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဇေယျဝတီလမ်းနေ ဒေါ်လှဲ့လှဲ့ဝင်း(၃၃နှစ်) (ဘ)ဦးစန်းမောင်သည် ဧပြီ ၁၉ရက် ညနေ ၅နာရီခွဲခန့်က နေအိမ်၌ သားဖြစ်သူနှင့် အတူရှိနေစဉ် တံခါးလာခေါက်၍ ဖွင့်ကြည့်ရာ အမည်မသိလူနှစ်ဦးက အရက်အလွန်အကျွံမူးနေသည့်ခင်ပွန်းဖြစ်သူ နေမင်းလတ်အားနှစ်ဖက်ညှပ်ထားပြီး နံကြားအား သစ်သားအရိုးတပ်ထားသည့် ဓားဖြင့်ထောက်ကာ ရှိတာအကုန်ထုတ်ပေးရန် ပြောကြားခဲ့သည်။ ၎င်းမှာ ကြောက်လန့်ပြီး တစ်ကွင်းလျှင်ငါးမူးသားခန့်ရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ငါးမူးသားခန့်ရှိ ငါးရိုးပုံဆွဲကြိုးနှင့် ပတ္တမြားဆွဲသီးတစ်ခု စုစုပေါင်းရွှေအလေးချိန် နှစ်ကျပ်သားခန့် ကာလတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀ ကို ပေးလိုက်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်လှဲ့လှဲ့ဝင်းက စမ်းချောင်းရဲစခန်းသို့ ဧပြီ ၂၀ရက် နံနက်တွင် တိုင်ကြားခဲ့ရာ ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၆/၁၁၄ အရ အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိသည်။ (သတင်းစဉ်)

သင်္ကြန်ပွဲတော်ရက်အတွင်း ခရီးထွက်နေခိုက် ငွေကျပ် ၈၈ သိန်းကျော်ပိုးနှင့် အက်ဖ်အီးစီ ၃၀၀ ယူနစ်ခိုးယူခံရ

ရန်ကုန် ဧပြီ ၂၂

မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် တိုက်(၃)နေ ဒေါ်တင်တင်ဝင်း(၄၉နှစ်) (ဘ)ဦးမောင်တင့်သည် ဧပြီ ၁၁ရက် နံနက်၁၀နာရီက နေအိမ်ကို တံခါးပိတ်၍ ကလောမြို့သို့သွားရောက်ခဲ့ကာ ဧပြီ ၂၀ရက် နံနက် ၉ နာရီ ၄၅မိနစ်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိပြီး အိမ်အတွင်းစစ်ဆေးရာ ဗီရိုအတွင်းမှ မြန်မာငွေကျပ် ၅၄သိန်း အပါအဝင် ရွှေထည်ပစ္စည်းမျိုးစုံ ၁၁မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၈၇၅၀၀၀နှင့် အက်ဖ်အီးစီ ၃၀၀ ယူနစ် ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ဧပြီ ၂၀ရက် ညနေ ၃နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့် ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မဇွာရှင်(ချွေပြည်သာ) ရေးသားသည့်

သညာသိ နှင့် ပညာသိ

FOREVER GROUP

ရည်မှန်းချက်ကြီးမားသူများ၏ အကောင်းဆုံးအောင်မြေ

TOP TEN

EC

KMD

LCCI Computerised Accounting (MYOB)

မိုး

အစဉ်သတိပြု

Y.E.S.

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၈ ခုနှစ် နွေရာသီ အားကစားသင်တန်းများဆင်းပွဲကို ဧပြီ ၃ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ (ပြည်နယ်/အားကာ)

ဗန်းမော်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ ။ ။ ၂၆-၄-၂၀၀၈ ရက် (စနေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
ကျင်းပမည့်နေရာ ။ ။ ကျောက်စိမ်းတွင်းခမ်းမရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးနှင့် အောင်မြင်သူများ၏ အမည်စာရင်းကို အောက်ဖော်ပြပါ အမည်နှင့်ဖုန်းများကို ဆက်သွယ်စာရင်းပေးကြပါရန်။

ဦးစိန်မောင် ဖုန်း-၀၁-၅၄၃၃၀၄၊ ၀၉-၅၁၀၆၉၀၇
ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂၊ ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀၀၄၃၃၉
(ဗန်းမော်မှုစ်ချဉ်ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံပါမည်။)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ ကျော်စိုးဝင်း ၁၂/ဥကမ (နိုင်)၂၀၉၈၈၈သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်မြင့်ကြည်(ခ)ဒေါ်ဝင်းမော်သင်း
၁၂/ဥကမ (နိုင်)၀၄၀၇၄၁၊
အမှတ် ၄၄၅၊ မြရတနာ ၂ လမ်း၊
(ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီစိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ၁၀စီး အထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့်ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည့်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေ့ လှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

သီတဂူစက္ခုဒါန ဆေးရုံသစ်ကြီး သီပေါ၌ဖွင့်

မျက်စိဝေဒနာရှင်များ နေ့စဉ်ကုသပေးလျက်ရှိ

သီပေါ ဧပြီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မဟာမြတ်မုနိဘုရားကြီး ပရဝဏ်အတွင်း ဆောက်လုပ်ပြီးစီးသွားသော ငွေကျပ်သိန်းတစ်ထောင့်ငါးဆယ်ကျော်ဖြင့် ဆောင်ရွက်သော သီတဂူစက္ခုဒါန ဆေးရုံသစ်ကြီးဖွင့်ပွဲကို မတ် ၂၂ရက် နံနက်က အဆိုပါ ဆေးရုံကြီး၌ကျင်းပရာ စစ်ကိုင်းမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ ဦးဉာဏိဿရ အရှင်သူမြတ်က ဖွင့်လှစ်ပေးတော်မူသည်။

စစ်ဆေးကုသပေး

သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွမ်းလုံ၊ ဟိုပန်၊ ကွတ်ခိုင်၊ လားရှိုး၊ သိန်းနီ၊ တန့်ယန်း၊ မိုင်းရယ်၊ နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့နယ်များမှ မျက်စိဝေဒနာရှင် ၆၅၀အနက် မတ် ၂၄ရက် အထိ ဝေဒနာရှင် ၁၂၈ဦးကို အထွေထွေအထူးကု(မျက်စိဌာန) စစ်ကိုင်းသီတဂူမှ ဆရာဝန်ကြီး ဒေါက်တာမိမိခင် ကြီးကြပ်ကွပ်ကဲ၍ အထူးကု ဆရာဝန်ကြီးများနှင့် စစ်ကိုင်း သီတဂူမှ ကျွမ်းကျင်ဝန်ထမ်း ရှစ်ဦးတို့ဖြင့် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ နေ့စဉ် စစ်ဆေးကုသပေးလျက်ရှိကြောင်း ရပ်ဝေးရပ်နီးမှ မျက်စိဝေဒနာရှင်များအား သတင်းကောင်းပါးလိုက်ပါသည်။

အလှူငွေစိုက်ထူ

အဆိုပါ သီတဂူစက္ခုဒါန ဆေးရုံကြီးအတွက် သီပေါမြို့ဈေးရပ်နေကုန်သည်ကြီး ဦးအောင်ခင်-ဒေါ်တင်တင်မိသားစုတို့က ငွေကျပ်သိန်း ၃၀နှင့် မြတ်အောင်ရောင်းဝယ်ရေးမှ ဦးအောင်ဝင်းစိန်-ဒေါ်အေးကြိုင် မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းတို့ကို ဆေးပဒေသာပင် အလှူငွေစိုက်ထူလှူဒါန်းထားကြောင်း သတင်းမှတ်စု ရေးသားလိုက်ရပါသည်။ ။

သတင်းမှတ်စု - စိုင်းသာလှိုင် (လိမ္မော်မြေ)

ခရီးသည်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းရေး မုံရွာ၌ ပညာပေး

မုံရွာ ဧပြီ ၁၅

ခရီးသွားပြည်သူများ အန္တရာယ်ကင်းဝေးစေရေးအတွက် ခရီးသည်တင်ယာဉ်များအား ကွင်းဆင်းစစ်ဆေး ပညာပေးလုပ်ငန်းကို ဧပြီ ၈ရက် နံနက် ၈နာရီက မုံရွာမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန တိုင်းဦးစီးမှူးရုံး(စစ်ကိုင်း) မုံရွာမြို့မှ တိုင်းဦးစီးမှူး ဦးသန်းကျော်ဖေ၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဇေယျ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဖေမြင့်တို့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကားလေးဝင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအသင်းတို့နှင့် ပူးပေါင်းပြီး မုံရွာမြို့မှ ခရီးဝေးထွက်ခွာမည့် ခရီးသည်တင်ယာဉ်များ ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်း၊ ယာဉ်သက်တမ်း ကျော်လွန်ပြေးဆွဲခြင်း ရှိမရှိ၊ သတ်မှတ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင်များ ပြည့်စုံမှု ရှိမရှိ၊ စစ်ဆေးခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်းတို့ကို လက်တွေ့ ကွင်းဆင်းစစ်ဆေး ပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(တိုင်း ပြန်/ဆက်)

ပါဠိပထမပြန် စာမေးပွဲကျင်းပ

နွားထိုးကြီး ဧပြီ ၉

ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၄ရက် မွန်းတည့် ၁၂နာရီက နွားထိုးကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်သူရိန်ခန်းမ၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ၄၃ပါး၊ ပထမလတ်တန်း ၄၃ပါးနှင့် ပထမငယ်တန်း ၁၉ပါး ဝင်ရောက်ဖြေဆိုကြရာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညသိရီနှင့် အဖွဲ့ဝင် ဆရာတော်များ၊ ပါဠိပထမပြန် စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်များ ကြွရောက်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(၀၈၉)

ကလောမြို့ ပြည်ထောင်စုလမ်း မြေထိန်းနံရံနှင့် မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို မတ် ၄ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။(က-ပ)

မကွေးမြို့ အောင်ချမ်းသာ ဓမ္မဗိမာန်တော်ဖွင့် ငွေကျပ်သိန်း ၇၀၀ကျော်ဖြင့် အကုန်အကျခံဆောင်ရွက်

မကွေး ဧပြီ ၂

မကွေးမြို့ ပညာစက္ကာရာမကျောင်းတိုက်အတွင်း ရပ်ဝေးရပ်နီး အလှူရှင်များ စုပေါင်းကောင်းမှုဖြင့် တည်ဆောက်ခဲ့သော နှစ်ထပ်ဆောင်၊ အောင်ချမ်းသာ ဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၄ရက် နံနက် ၉ နာရီက အောင်ချမ်းသာ ရပ်ကွက် မြို့ပတ်လမ်း ပညာစက္ကာရာမကျောင်း ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် မကွေးတိုင်း ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးထွန်းဘိုင်တို့က အောင်ချမ်းသာ ဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲတွင် ပညာစက္ကာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာစက္ကထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ရပ်ဝေးရပ်နီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ အဆိုပါ အောင်ချမ်းသာဓမ္မဗိမာန်တော်ကြီးကို ၁၃၆၄ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်က စတင်တည်ဆောက်ခဲ့ပြီး အလျားပေ ၁၀၀၊ အနံ ၆၅ပေကို စုစုပေါင်း ငွေကျပ်သိန်း ၈၀၀ကျော်ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၇၂)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော အမှတ် ၁၁ လမ်းနှင့် အမှတ် ၁၂ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဝက်လက် ဧပြီ ၁၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မတ် ၁၉ရက် နံနက် ၁၁နာရီက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဌေးဝင်းနှင့် စာထောက်(၃) ဒေါ်နန်းမြင့်တို့က စာကြည့်တိုက်ပညာနှင့် သက်ဆိုင်သော ဘာသာရပ်များကို ပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကံမမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းမိသားစု စာဖြေသံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်း

ကံမ ဧပြီ ၁၀

ကံမမြို့ယွန်းကျောင်း ပရိယတ္တိ စာသင်တိုက်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များနှင့် ကျောင်းတိုက်အတွင်းရှိ စာသင်သံဃာတော်များအား မတ်၂၄ရက်က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်နှင့်ဝန်ထမ်းမိသားစုက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး မတ်၂၈ရက်တွင် စူဠဘွဲ့နှင်း သဘင်အခမ်းအနား၌ ၂၀၀၇ခုနှစ် စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ၌ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် မင်္ဂလွန်းကျေးရွာ ရွာအဝင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး တံတားဖွင့်ပွဲကို မတ် ၂၆ ရက်ကကျင်းပရာ ပဲခူးခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့ မြို့ပတ်လမ်းကတ္တရာခင်းလမ်းဖွင့်

မိုးကောင်း ဧပြီ ၁၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့ပတ် ကတ္တရာခင်းလမ်း ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က လမ်းဖြစ်မြောက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးတင်ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းကိုလေးတို့က လမ်းကိုဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(၀၀၁)**

ဧပြီ ၈ရက်က လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းလူမှုဝန်ထမ်းရုံး လက်အောက်ရှိ ပြည်မြို့ မူလတန်းကြို ကျောင်းရင်သွေးငယ်များ ပဒေသာကပွဲတွင် စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် တေးသီချင်းဖြင့် တေးသရုပ်ဖော်စဉ်။

(ခရိုင်ပြန်/ဆက်)

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မတ်၃ရက်က အလှူရှင်မွန်ပြည်နယ်(မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်-ဒေါ်အေးအေးချစ် မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့အတွင်းရေးမှူးဦးလှတင်က လက်ခံယူစဉ်။ (၀၁၄)

မိုးညှင်းမြို့ အထွေထွေရောဂါကု ဆေးရုံဝင်း၌ ဆောက်လုပ်သော သံဃရဟန်းတော်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

မိုးညှင်း ဧပြီ ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့ အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော သံဃရမ္မာဆေးရုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂ရက်က အဆိုပါအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးတာဝန်ခံ ဦးခင်မောင်ရွှေက အဆောက်အအုံပုံစံစာရင်းဇယားများကို လွှဲပြောင်းပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံယူသည်။**(ယာပုံ)**

အဆိုပါ သံဃရမ္မာဆေးရုံကို မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် အရှေ့ရိပ်သာ ဆရာတော်ဘဒ္ဒန္တခေမိန္ဒက ငွေကျပ်သိန်း ၁၀၀ မတည်ဦးစီး၍ ဦးခင်မောင်ရွှေ-ဒေါ်ကြည်ကြည်အေး မိသားစု နတ်ကြီးကုန်း(မိုးညှင်း)က ငွေကျပ် ၁၆ သိန်း၊ ဒေါ်အေးမြင့်၊ ဒေါ်အေးအေးအောင် အောင်ချမ်းသာ(မိုးညှင်း)က ငွေကျပ်၁၀သိန်း၊ ဦးအိုက်အေးနှင့် မောင်နှမတစ်စု နတ်ကြီးကုန်း(ရှမ်း)က ငွေကျပ် ၁၀သိန်း၊ ဦးအုန်းရွှေ-ဒေါ်မြသန်းမိသားစု မြို့မ(မိုးညှင်း)က ငွေကျပ်၁၀သိန်း၊ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာ ယောဂီများက ငွေကျပ်သိန်း၃၀၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၏ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း၃၀၀ဖြင့် အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (၀၀၂)

ပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူသော သံဃာတော်အရှင်မြတ်များ သီပေါမြို့၌ ချီးမြှင့်ပူဇော်

သီပေါ ဧပြီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၁၃၆၉ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲဖြေဆိုအောင်မြင်တော်မူခဲ့ကြသော သံဃာတော်အရှင်သူမြတ်များအား ချီးမြှင့်ပူဇော်သည့်စုဝေးပွဲ့နှင်းဘဘင် အခမ်းအနားကို ဧပြီ ၆ရက် နံနက်၉နာရီက မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒထံမှ ငါးပါးသီလခံယူတော်မူကြပြီး ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ဆက်လက်၍ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့နယ်သာသနာရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်က စုဝေးပွဲ့နှင်း သဘင်အခမ်းအနား ဆင်ယင်ကျင်းပရခြင်းနှင့် ရသုံးငွေစာရင်းရှင်းတမ်းများကို တင်ပြလျှောက်ထားသည်။

လှူဒါန်း

ထို့နောက် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသည့် သံဃာတော် အရှင်သူမြတ်များအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်**(အပေါ်ပုံ)**၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းမြင့်အောင်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၂၀)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ကြေးပြားများလှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ပဋ္ဌာနပါဠိတော်ကျမ်း(ပ-တွဲ) အတွက် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ တိုက် ၈ အခန်း(၀၀၂) ကမ္ဘာအေးကွန်ဒိုအိမ်ရာ မရမ်းကုန်းနေ မောင်မင်းသန့်ကျော်က ကြေးပြားငါးချပ်၊ ကျောက်မြောင်းလမ်း တာမွေနေ ကျောင်းအုပ်ဆရာကြီး ဦးချစ်ခင်(အမကာဗဟန်း)အားရည်စူး၍ ဇနီးဒေါ်ခင်ပြုံးဝင်းက ကြေးပြားငါးချပ်၊ အမှတ် ၁ လှော်ကားကန် စည်ပင်သာယာဝင်း မင်္ဂလာဒုံနေ ဦးဝင်းအောင်-ဒေါ်နန်းတင်တင်ရီ၊ သား မောင်ဘုန်းမင်းစိုး၊ သမီး မနန်းမြတ်စန္ဒီအောင်၊ မအေးသီတာဝင်းအောင်တို့က ကြေးပြားငါးချပ်၊ ဗိုလ်ချုပ်လမ်းနှင့်ကမ္ဘောဇလမ်းထောင့် လားရှိုးမြို့နေ ဦးငွေးလွင်-ဒေါ်ခင်မြင့်၊ သား မောင်အောင်ကိုလွင်၊ မောင်အောင်ကျော်လွင်၊ သမီး မဇင်မာလွင်(လွင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ကြေးပြား ငါးချပ်၊ အမှတ် ၇၈၊ ၁၄လမ်း လမ်းမတော်နေ မိဘနှစ်ပါးအား ရည်စူး၍ သမီး ဒေါ်သန်းသန်းမြင့်၊ ဒေါ်စန်းစန်းမြင့်၊ မသီရိမျိုးဆွေတို့က ကြေးပြားသုံးချပ်၊ အမှတ် ၉၁ သုနန္ဒာလမ်း သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းနေ ဗိုလ်မှူးမင်းဇော်-ဒေါ်ချိုချိုဦး၊ သမီး မဇော်ဦးတို့က ကြေးပြားနှစ်ချပ်၊ အမှတ် ၅၄၉/က ၁၈လမ်း ကေတုမတီ ၆ရပ်ကွက် တောင်ဥက္ကလာပနေ ဦးသက်ဆွေ-ဒေါ်ခင်ဌေးကြွယ်၊ သား မောင်မျိုးဝင်းလှိုင်တို့က ကြေးပြားနှစ်ချပ်၊ ၁၇(အေ) တိုက်(C) အခန်း၆၀၄ နဝဒေးလမ်းနေ နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ မောင်အောင်ဘာလေ-မခင်စုလှိုင်ဝင်း၊ ဆင်ဖြူကျွန်းပွဲရုံ ကမ်းနားလမ်း ပြည်မြို့နေ ဒေါက်တာ ခင်မောင်လေး-ဒေါ်စန်းမြင့်၊ အမှတ်၆၈၈ မင်းရဲကျော်စွာလမ်း ၄၅ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ နှစ်ဖက်သော ဘိုးဘွားများအား ရည်စူး၍ ဦးလှသောင်း-ဒေါ်မြင့်မြင့်၊ သား ဦးအောင်ဆွေ၊ သမီး ဒေါ်သက်နွယ်လှ၊ ဦးစိုးညွန့်အောင်-ဒေါ်ပွင့်မာထွန်း၊ အမှတ် ၂၀ မြို့သစ် ၁လမ်း ကျောက်မြောင်းအရှေ့ရပ်ကွက် တာမွေနေ ဖခင် ဦးဘမောင်- မိခင် ဒေါ်သောင်း၊ အရီးခင်၊ အရီးရှင်(ကသာ)တို့အား ရည်စူး၍ သား ဦးကျား၊ သမီး ဒေါ်ခင်ခင်၊ ဒေါ်တင်အေးကြည်၊ အမှတ်၉၁ သုနန္ဒာလမ်း သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းနေ ဒုတိယဗိုလ်မှူးကြီး နွယ်နွယ်ဝင်း (ဆေးကုသမှုပါရဂူ)၊ အမှတ် ၄၃ စိန်ပန်း မြိုင် ၁လမ်း ၃၃ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦးသိန်းထွဋ်ဝင်း-ဒေါက်တာနုနုဆွေ၊ သမီး မသက်ဆုပိုင်၊ အမှတ်၁၅ မြို့သစ် ၂လမ်း ကျောက်မြောင်း တာမွေနေ မိဘနှစ်ပါးဖြစ်သော ဦးအောင်ထူး-ဒေါ်ညွန့်ညွန့်ကြည်တို့အား အမှူးထား၍ သား ကျော်စိုးထက်၊ အမှတ် ၁၉/၃က မဂ္ဂင်လမ်း ကျားကွက်သစ် စံပြရပ်ကွက် ကျောက်မြောင်းတာမွေနေ ဦးမောင်ကြီး-ဒေါ်အေးတင်၊ တိုက်၂၈၂ အခန်း ၆ အရှေ့ရန်ကင်းနေ ဖခင် ဦးထွန်းညွန့်-မိခင် ဒေါ်စိုးမှုင်တို့အား ရည်စူး၍ သမီး ဒေါ်အုန်းသိုက်၊ ဒေါ်အေးအေးသန့်၊ တိုက် ၂၇၅ အခန်း ၁၅ အရှေ့ရန်ကင်းနေ ဦးမောင်မောင်-ဒေါ်အေးအေးကျော့၊ သား ကိုတင်မောင်ဝင်း၊ ကိုဆွေလင်းမောင်၊ ကိုတင်မောင်အေး၊ အမှတ် ၁၀၂ သုံးလွှာ အရိုးကုန်းလမ်း တာမွေနေ ဦးညီညီလှ-ဒေါ်သန်းနုရွှေတို့၏ သမီး မဖြိုးမြတ်ကေသွယ်၊ အမှတ် ၅၄၉/က ကေတုမတီ ၁၈လမ်း ၆ရပ်ကွက် တောင်ဥက္ကလာပနေ ဦးမော်မော်သိန်း -ဒေါ်အေးအေးမာ၊ သမီး နေခြည်မြတ်နိုး၊ အမှတ် ၅၅၁/က ဒေါနလမ်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ ဦးအောင်နိုင်ဦး - ဒေါ်ဇင်မာစိုးတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။ **(က-ပ)**

နောင်တရားမြို့ မြို့လယ်ပန်းအလှ မြေယာရှုခင်းများတွင် မြို့သန့်ရှင်း သာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးအတွက် မတ် ၃ ရက်က မြို့တာဝန်ခံနှင့် အဖွဲ့ဝင်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြေခင်းအလှပြုပြင်

ကျောက်တံခါး ဧပြီ ၉

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းလဲ့ကန်သာပန်းခြံသာယာလှပရေးအတွက် ပန်းမျိုးစုံဖူးပွင့်ဝေဆာနေရန်နှင့် မြေခင်းအလှပြုပြင်မှုကို အဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်ကြီး(ဘီ)လမ်း ကတ္တရာခင်း ဆောင်ရွက်မှုကို မတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမိုးကျော် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်မြို့၌ စာကြည့်တိုက်ရှင်သန်ရေးဆောင်ရွက်

ဗန်းမော် ဧပြီ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(နေပြည်တော်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေသည် ဧပြီ ၂ရက် မွန်းလွဲ ၁နာရီက ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်နှင့်မြို့နယ် ရုံးများမှဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၀၈-၂၀၀၉ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် ပြောကြားသည်။

သွားရောက်ကြည့်ရှု

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ဗန်းမော်ခရိုင်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းတို့သည် ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာနှင့် ဖန်းခါးကုန်းကျေးရွာတို့တွင် ဆောက်လုပ်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အောင်လံမြို့နယ် စစ်အောင်ကျေးရွာတွင် (၁၅)ကြိမ်မြောက် နှစ်လက်မအလျှုရှင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းခွင်သို့ မတ် ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးထွန်းသူအောင်တို့က ကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူး ဟင်္သာကုန်းစေတီတော် တောင်ဘက်စောင်းတန်းနှင့် ဘုံဆောင်နှစ်ဆောင် တည်ဆောက်ရေး အလှူငွေပေးအပ်

ပဲခူး ဧပြီ ၁၈

ပဲခူးမြို့ သမိုင်းဝင်ဟင်္သာကုန်းစေတီတော် တောင်ဘက်စောင်းတန်းတော်နှင့် ဘုံဆောင်နှစ်ဆောင် အသစ်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၈ရက်က စေတီတော်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်ကျော်ဇော်ထွန်းအားရည်စူး၍ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း-ဒေါ်ခင်လေးမြင့်မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀ကို ဂေါပကအဖွဲ့ဝင် ဦးသိန်းရွှေထံ လှူဒါန်းသည်။(ဝဲပုံ)

လှူဒါန်းလိုသူ ကုသိုလ်ရှင်များသည် တောင်ဘက်စောင်းတန်း အောက်ဘုံဆောင်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀၊ အလယ်ဘုံဆောင်အတွက် ငွေကျပ်သိန်း ၁၀၀နှင့် စောင်းတန်းတစ်ခန်းလျှင် ငွေကျပ် ၂၅၀၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၁၈၉၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဖဝ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး ၁၃၇၀ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့တွင် မဟာဂန္ဓာရုံ ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအားပင့်ဆောင်၍ ရပ်ကွက်အသင်းရုံးတွင် ရှစ်ကြိမ်မြောက် နှစ်သစ်မင်္ဂလာဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘဝတက္ကသိုလ်စာကြည့်တိုက် ရန်ပုံငွေအတွက်ငွေလှူဒါန်း စာရေးဆရာများ စာပေရေးရာအဖြာဖြာ ဟောပြော

အင်္ဂပူ ဧပြီ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ဧရာဝတီတိုင်း ဦးစီးမှူး ဦးငွေထွန်းနှင့်အဖွဲ့သည် ဧပြီ၉ရက်နံနက်ကဧရာဝတီတိုင်း ဟင်္သာတခရိုင်အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအုပ်စုရှိ ဘဝတက္ကသိုလ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေး ရှင်းလင်းဆွေးနွေးသည်။

လက်ခံ

ထို့နောက် ညောင်ကျိုး အထက ဝင်ရောက်ရေးခန်းမ၌ မွန်းလွဲ ၁ နာရီတွင် ဘဝတက္ကသိုလ် စာကြည့်တိုက်ရန်ပုံငွေအတွက် အလှူရှင်ငါးဦးက ငွေကျပ် ၄၅၀၀၀ကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံယူသည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က စေတနာကောင်းလျှင် ကံကောင်းမည်၊ စာရေးဆရာမ လမင်းအိမ်က နှလုံးသားထဲကအာဟာရ၊ စာရေးဆရာချစ်စံဝင်းက အရေးကြီးတာအရင်လုပ်နှင့် စာရေးဆရာကောင်းသန့်က စကားလက်ဆောင်ခေါင်းစဉ်များဖြင့် စာပေရေးရာ အဖြာဖြာကို ဟောပြောကြားသည်။(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် အမှတ် ၄၂/၄၃ တိုးချဲ့ရပ်ကွက် ခိုင်သဇင်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)-ဒေါ်ရီရီမြင့် မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုမမ္မဓဇာတိဇောတဓရ ဦးစိုးသိမ်းက လက်ခံယူစဉ်။ (က-ပ)

လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်း

သာယာဝတီ ဧပြီ ၁၉

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သုံးဆယ်ဈေးအတွင်း လျှပ်စစ်မီးဘေး လုံခြုံရေးအတွက် ဈေးအတွင်း အသုံးပြုလျက်ရှိသော လျှပ်စစ်မီးနှင့် လုံခြုံရေးလျှပ်စစ်မီးများ စနစ်တကျ ခွဲခြားသုံးစွဲခြင်းနှင့် ဈေးအတွင်း သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းစေခြင်းတို့ကို ဧပြီ ၁၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးမိဈေးဖများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖားကန့်မြို့နယ်စည်ပင် ပန်းအလှပင်များ ပျိုးထောင်

ဖားကန့် ဧပြီ ၉

ဖားကန့်မြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၄ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း ဦးဆောင်သော ဝန်ထမ်းများက အဖွဲ့ရုံးပျိုးဥယျာဉ်အတွင်း၌ ပန်းအလှပင်များ စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဘုတ်ပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ထောင်စုံမဟာတ် ကျေးလက်မြေသားလမ်းဖောက်လုပ်မှုကို မတ် ၈ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

မြို့နယ် သတင်းများ

Verinon Technology Solutions မှ Documentum Software သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၂

Winner Computer Group သည် စင်ကာပူနိုင်ငံရှိ Verinon Technology Solutions နှင့် ပူးပေါင်း၍ Training on Documentum Software သင်တန်း ဖွင့်လှစ်မည်ဖြစ်သည်။

Documentum သည် အမေရိကန်နိုင်ငံရှိ EMC Corporationမှ ဖြန့်ချိသောdocument management system, workflow managementနှင့် web management တို့နှင့် ဆက်သွယ်သည့် enterprise content, management software တစ်ခုဖြစ်သည်။ Enterprise content management သည် content, document များနှင့် လုပ်ငန်းကြီးများ၏ လုပ်ငန်းစဉ်နှင့် ဆက်နွယ်နေသည့်content များကိုဖမ်းယူခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ချိခြင်းတို့ကို ပြုလုပ်သည့် နည်းပညာတစ်ခုဖြစ်သည်။

သင်ကြားပို့ချမည်

အဆိုပါ သင်တန်းတွင် Content management system ၏ အခြေခံနှင့် အဆင့်မြင့် အစိတ်အပိုင်းများ ပါဝင်ပြီး EMC/ Documentum content management solutionကို အကောင်အထည်ဖော်ခြင်းအတွက် သင်ကြားပို့ချမည်။

သင်တန်းအား စင်ကာပူနိုင်ငံရှိ Verinon Technology Solutionsမှ ပညာရှင်များ လာရောက်ပို့ချမည် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက အရည်အချင်းစစ်စာမေးပွဲကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်။

အခွင့်အလမ်းများရရှိနိုင်

ယင်းသင်တန်းသည် Microsoft. Net Certified IT professional (သို့မဟုတ်) Net နှင့် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သောIT professional များအတွက် အကျိုးရှိ၍ Documentum သင်တန်းတက်ရောက်အောင်မြင်၍ certificate ရရှိသည့် သင်တန်းသားများသည် နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်။

သင်ကြားပို့ချမည်

Documentum အခြေခံသင်တန်းတွင် Enterprise content management,Object types and objects, Users and Privileges, Groups and Roles, Object Security, Workflows, Life Cycles, DQL concepts ကိုလည်းကောင်း၊ Documentum အဆင့်မြင့် သင်တန်းတွင် Advanced DQL concepts, Fundamentals of Documentum, Foundation Classes (DFC), Advanced DFC Programming, Fundamentals of WDK Framework, Advanced WDK Framework တို့ကို သင်ကြားပို့ချမည် ဖြစ်သည်။

Module တစ်ခုလျှင် သင်ကြားချိန် နာရီ၆၀ရှိမည်ဖြစ်ပြီး Module နှစ်ခုပေါင်းအတွက် သင်ကြားချိန် နာရီ ၁၂၀အပြင် လက်တွေ့ချိန်များ ပါရှိမည်ဖြစ်သည်။

သင်တန်းကို ၂၀၀၈ခုနှစ် မေလအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ၍ NET IT professional (သို့မဟုတ်) NET နှင့် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

နှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ဧပြီလတွင် စာရင်းသွင်းလျှင် သင်တန်းကြေးကို ၁၀ရာခိုင်နှုန်း လျှော့ယူမည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

သင်တန်းဝင်ခွင့်ကို Winner Computer Group အမှတ် ၂၀၂ ဦးဝိစာရလမ်း ဖုန်း-၀၁-၃၇၄၁၆၅၊ ၅၀၃၅၉၉၊ ၇၀၃၂၃၂၊ ၇၀၃၂၃၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၃၃၅ အခန်း(၆)နေ
ဗိုလ်မှူးစိန်လွင်(ငြိမ်း)-ဒေါ်ခင်သောင်းတင် တို့၏ သားကြီး
မောင်အောင်မြင့်လွင်
B.Sc(Maths), 2nd Mate(F.G) Moon Soon Co.,Ltd.Singapore.
နှင့်
ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၅၂ နေ
ဦးညွန့်မောင်(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်စုစုလွင် တို့၏ သမီးငယ်
မနီလာညွန့်
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြင့်လွင်-မနီလာညွန့်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၄၀၉ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဝင်း မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်) ၀၆၃၃၃၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၇၄၂၈ Hensim M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ယု မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၀၀၃၉၇၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။



မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲပေးရအောင်

အသည်းဖြူ မဖောက်ပြန်ဘဲနဲ့
ထောက်ခံမဲပေးရအောင်၊
မဲရုံကို သွားကြစို့
ပျိုတို့ရဲ့မောင်။
ဘေးစကားနားမယောင်
ပြည်ထောင်စုအရေး၊
မယ်နှင့်မောင်အတူယှဉ်လို့
ဖြူစင်စိတ်အတွေးနဲ့
မဲပေးစို့လေး။ ။

သာထက်မောင်

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ဘွက်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်-နတ်မောက်-တောင်တွင်းကြီးလမ်းတစ်လျှောက်လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပြည်-ရေနံချောင်း-မကွေး-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၁၁ မိုင် ၆ ဖာလုံရှိ ဘွက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တံတားအချောသပ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ■

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

❒ ကဏ္ဍာသစ်ဖွင့်လှစ်လိုက်သည့် ပါရာဂွေးနိုင်ငံ

တိုး၏သတင်းအက်ဆေး စာ - ၅

❒ ကြယ်စုအတွင်း အလွန်သေးငယ်သော ကြယ်တာရာများ ပွားများလာ

အာကာသသိပ္ပံသတင်း စာ - ၆



❒ ဒို့နိုင်ငံက ရေမြေသြဇာကောင်းတယ်၊ သယံဇာတမျိုးစုံကြွယ်ဝတယ်၊ ဥတုရာသီလည်း မျှတတယ်၊ သဘာဝဘေးအန္တရာယ်လည်း ကင်းရှင်းသလောက်ပါပဲ၊ ဒီလိုအခြေခံကောင်းရှိတဲ့ ဒို့နိုင်ငံမှာ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ နိုင်ငံအကျိုးကို တူညီစွာ ရေးရှုကြိုးပမ်းခြင်းတွေနဲ့ ပြည့်စုံရင် ဒို့နိုင်ငံဟာ မင်းတို့ ပြောပြောနေတဲ့ ရွှေနိုင်ငံဖြစ်ပြီပေါ့ကွာ။

မောင်ကာဠု၏ ဆောင်းပါး စာ - ၁၀

နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။